## စက်မှုဝန်ကြီးဌာန

## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှု အခြေအနေ တင်ပြချက်အစီရင်ခံစာ

ရက်စွဲ။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၁ |
| ၃။ | အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ | ၁-၂ |
| ၄။ | ဆွေးနွေးတင်ပြချက်များ | ၃ |
| ၅။ | ရှင်းလင်းဆွေးနွေးချက်များ | ၄ |
| ၆။ | လမ်းညွှန်မှာကြားချက်များ | ၄-၈ |
| ၇။ | MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ | ၈ |
| ၈။ | နိဂုံး | ၈ |
| ၉။ | နောက်ဆက်တွဲများ | |
| | - နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၏ အခမ်းအနားအစီအစဉ် | နောက်ဆက်တွဲ (က) |
| | - အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ | နောက်ဆက်တွဲ (ခ) |
| | - လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ | နောက်ဆက်တွဲ (ဂ) |
| | - တွေ့ဆုံဆွေးနွေးပွဲ၊ လှည့်လည်အားပေးကြည့်ရှုခြင်း နှင့် ပြခန်းများခင်းကျင်းပြသထားမှု မှတ်တမ်း ဓာတ်ပုံများ | နောက်ဆက်တွဲ(ဃ) |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များတွေ့ဆုံပွဲ ကျင်းပဆောင်ရွက်မှုအခြေအနေတင်ပြချက်အစီရင်ခံစာ

## နိဒါန်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် MSME လုပ်ငန်းရှင်များ တွေ့ဆုံပွဲ ကျင်းပဆောင်ရွက်ခဲ့မှုအခြေအနေနှင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြား ချက်များ၊ MSME လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေး ချက်များ ၊ ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခဲ့မှု အခြေအနေအား အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲများ ၊ လိုအပ်ချက်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းများအဆင် ပြေချောမွေ့စွာ ဆောင်ရွက်လာနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်မှုများ ရရှိလာစေရန်ရည်ရွယ်ပါသည်။

## အခမ်းအနားအစီအစဉ်နှင့်တက်ရောက်မှုအခြေအနေ

၃။ ၂၀၂၃ခုနှစ် ၊ဖေဖော်ဝါရီလ(၇)ရက် နံနက်(၀၈:၃၀)နာရီအချိန်တွင် ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်(MSME)များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား နှင့် ဒေသထွက် MSME ထုတ်ကုန်ပြပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၄။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲနှင့် ဒေသထုတ်ကုန်ပြပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် MSME လုပ်ငန်းရှင်များ၊ စုစုပေါင်း (၂၁၈)ဦး တက်ရောက်ခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်ပစ္စည်း ပြခန်း (၂၂)ခန်း အား ခင်းကျင်း ပြသခဲ့ပါသည်။

၅။ အခမ်းအနားကို အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ပထမဦးစွာ ဧရာဝတီတိုင်း ဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်စက်မှုစီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက် ရှိသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှု၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်၊ လက်မှုထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းကို အခြေခံသည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များချမှတ်ထားရှိ မှုကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များအနက် လုပ်ငန်းရှင် (၁၁)ဦးတို့မှ လုပ်ငန်းလိုအပ်ချက်များကို အသီးသီး တင်ပြခဲ့ကြပြီး နောက် အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်။ အခမ်းအနား အစီအစဉ် အား **နောက်ဆက်တွဲ(က)** ဖြင့် တင်ပြအပ်ပါသည်။

**ဆွေးနွေးတင်ပြချက်များ**

၆။ တွေ့ဆုံဆွေးနွေးပွဲတွင်တက်ရောက်လာကြသော လုပ်ငန်းရှင်များအနက်မှအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် (၁၁)ဦးမှ ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကို ပိုင်ဆိုင်ထားမှု၊ ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူထားရှိမှု၊ နို့စားနွား မွေးမြူရေးနှင့် တန်ဖိုးမြင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ပုသိမ်စက်မှုဇုန်စီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်မှု၊ ပြည်တွင်းပြည်ပဈေးကွက်သို့ ဆန်တင်ပို့ရောင်းချလျက်ရှိမှု၊ ဆန်စက်များ၊ အခြောက်ခံစက်များကို စပါးထွက်ရှိရာ ဒေသများနှင့် အနီးဆုံးနေရာများတွင် တည်ဆောက်ထားရှိမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုသက်သာစေနိုင်မှု၊ နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါးနှင့် ပဲတီစိမ်းများ အထွက်တိုးလျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းသို့လာရောက်သည့် ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ပီလောပီနံစိုက်ပျိုးတင်ပို့ရောင်းချမှုလုပ်ငန်းများ မြန်မာနိုင်ငံတွင် တွင်ကျယ်စွာဖြစ်ထွန်းလာစေရေးနှင့် မဲခေါင်ဒေသအတွင်း အဓိကထုတ်ကုန်(Strategic Corps) ဖြစ်သည့်အတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်းလည်ပတ်လျက်ရှိသည့် ဆီစက်လုပ်ငန်းများကို ခေတ်မီနည်းစနစ်သုံး စက်ရုံများအဖြစ် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။ ဆွေးနွေးတင်ပြချက်များကို **နောက်ဆက်တွဲ(ခ)** ဖြင့် တင်ပြအပ်ပါသည်။

## ရှင်းလင်းဆွေးနွေးချက်များ

၇။ လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ၊ သမဝါယမ နှင့် ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာနဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ၊ စက်မှုဝန်ကြီးဌာနဝန်ကြီး ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးတို့မှ ၎င်းတို့၏ ဝန်ကြီးဌာနအလိုက် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးချက်များကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်။

## လမ်းညွှန်မှာကြားချက်များ

၈။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကို အားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ (၇၀)ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ(၃၀)ရာခိုင်နှုန်းသည်မြို့ပြတွင်နေထိုင်ကြကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကျေးလက်တွင်နေထိုင်သူ (၈၅)ရာခိုင်နှုန်းရှိပြီး မြို့ပြတွင်နေထိုင်သူ (၁၅)ရာခိုင်နှုန်း ရှိကြောင်း၊ အများစုမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စပါး စိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို ကုန်ချောဖြစ်စေရန်အတွက် ကြိတ်ခွဲခြင်းများကို ဆောင်ရွက်ခြင်းသည် MSMEလုပ်ငန်းပင်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်း များမှ တိရိစ္ဆာန်အစာများကိုလည်း ရရှိသဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ရကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေး လုပ်ငန်း

များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသားငါးလိုအပ်ချက်များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် ငါးမျိုးများ မွေးမြူနိုင်ရန်လိုကြောင်း၊ အလားတူဆန်စပါး စိုက်ပျိုးမှုတွင်လည်း တစ်ဧကချင်းအထွက်နှုန်း တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန်စသည့်အချက်များလိုအပ်ကြောင်း၊ ဒေသတွင်း ကုန်ကြမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များအရည်အသွေး ကောင်းမွန်ရန်လိုပြီး ဒေသတွင်းစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့်ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည် ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည် ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကိုလည်း ဖြစ်စေနိုင်မည်ဖြစ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏လူမှုစီးပွား ဘဝမြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ရနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ သမဝါယမစနစ်ကိုကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ရန်လိုကြောင်း၊ အဆိုပါ သမဝါယမအသင်းများမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး၍ စိုက်ပျိုးကြမည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသနှင့်တိုင်းပြည်ရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိစွာ

အသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အကျိုးရှိရှိသုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေး ထွက်ကုန်များကို အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဧရာဝတီတိုင်းဒေသ ကြီးအတွင်း စီးပွားရေးသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်များအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက များစွာအကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးတို့အတွက် တစ်နိုင်ငံလုံးရှိ လမ်းတံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေး နှင့်ဒေသခံတို့၏ လူမှုစီးပွားမြင့်တက်စေရေးအတွက် ပုသိမ်လေယာဉ်ကွင်းကို အဆင့်မြှင့်တင် နိုင်ရန် လုပ်ငန်းဆန်းစစ်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ် သည်များ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသအလိုက်သာယာလှပရေးအတွက် ကိုလည်း ဒေသခံများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုသိမ်ဆိပ်ကမ်း တွင် ယခင်က ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် မြစ်ကြောင်းတိမ်ကောလာခြင်းများကြောင့် နောက်ပိုင်းတွင်ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ ငပုတောတွင် ပင်လယ်ကူး သင်္ဘောများ ဝင်ရောက်နိုင်အောင် ဆိပ်ကမ်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများလာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်သဖြင့် ဒေသသို့လာရောက်လိုစိတ်များ ဖြစ်ပေါ်လာစေရေး ဒေသသာယာလှပမှုများနှင့် ဒေသထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ဆောင်ရွက် ရန်လိုသကဲ့သို့ လူအများသိရှိစေရေး ကြေညာပေးရန်လည်းလိုကြောင်း၊ ကုန်စည် ပြပွဲများ ကျင်းပပြီး ဒေသမှ ထွက်ရှိသည့်ထုတ်ကုန်ပစ္စည်းများကို လူအများသိရှိ စိတ်ဝင်စား အောင် ပြသရောင်းချရန်လိုကြောင်း၊ လျှပ်စစ်ဓါတ်အားနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး အတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်၍ ရကြောင်း၊ လေအားကိုအသုံးပြု၍ လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက် နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓါတ်အား လုံလောက်စွာရရှိရေး အားလုံး ဆောင်ရွက်ကြရန်လိုပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ယခင်က

ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါမိမိတို့အစိုးရ အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထား သည့်စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက် စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ အတွက်လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သူ (Exporter) အဆင့်ထိရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေထွက်ငွေများ မျှတမှုရှိလာပါက နိုင်ငံ့စီးပွားရေး တိုးတက် လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာမည်ဖြစ်ကြောင်း တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကို အခြားနိုင်ငံများမှ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်၍မရကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အသက်သာဆုံးအတိုးနှုန်းဖြင့် ထုတ်ချေး ပေးမည်ဖြစ်သဖြင့် အကျိုးရှိစွာအသုံးချကြစေလိုကြောင်း၊ MSME လုပ်ငန်းအတွက် နည်းပညာရရှိရန် လေ့လာဆောင်ရွက်ရန် လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည် ဖြစ်ကြောင်း၊ လူသားအရင်းအမြစ် များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးအဆင့်အတန်းများမြင့်မားမှုရှိစေရန် နိုင်ငံတော် အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ် လုပ်မှုလုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းများရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက်ပိုမို တိုးတက် လာမည်ဖြစ်ကြောင်း၊ One Region One Product ကိုဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဈေးကွက်ကိုသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်ရေးဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသားအားလုံးက အမြင်

ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ကမ္ဘာနှင့်ယှဉ်၍ကြည့်မြင်ရမည်ဖြစ်ကာ အတူတကွ ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားပါသည်။

**MSME ထုတ်ကုန်များအားခင်းကျင်းပြသမှုအခြေအနေ**

၁၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တွေ့ဆုံဆွေးနွေး ပွဲ အခမ်းအနားအစီအစဉ် နေ့လယ် (၁၃:၀၀) နာရီအချိန်တွင် ပြီးမြောက်ခဲ့ပြီး MSME လုပ်ငန်းရှင်များ၏ ဒေသထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ ပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များ၏ ဒေသထုတ် စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်း(၂၁၄)မျိုးကို ခင်းကျင်းပြသ ထားသော ပြခန်း(၂၂)ခန်းအား လှည့်လည်ကြည့်ရှု အားပေး၍ နေ့လယ် (၁၄:၃၀) နာရီ အချိန်တွင် အစီအစဉ်အားလုံး ပြီးဆုံးခဲ့ပါသည်။ ဆွေးနွေးပွဲအခမ်းအနား၊ လှည့်လည်အားပေးကြည့်ရှုခြင်းနှင့် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်း ပြသထားမှု မှတ်တမ်းဓာတ်ပုံများအား **နောက်ဆက်တွဲ(ဃ)** ဖြင့် တင်ပြအပ် ပါသည်။

**နိဂုံး**

၁၇။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာ စေရေးအတွက် ၎င်းတို့လိုအပ်နေသည့် အတိုးနှုန်းသက်သာသော ချေးငွေရရှိစေရေး၊ နည်း ပညာရရှိရေး ၊ လျှပ်စစ်ဓာတ်အား၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းမှုများအား အခွန်လျှော့ပေါ့ စေရေး၊ ပြည်ပမှစားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေး၊ ဆန်စပါးနှင့် ဆီထွက်သီးနှံများ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် အောင်မြင်စွာစိုက်ပျိုးနိုင်ပြီး ဆန်စက်၊ ဆီစက်များ ထုတ်ကုန် အရည်အသွေး အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလမ်းညွှန် မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

နောက်ဆက်တွဲ(က)

**ပုသိမ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စား**
**စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနား အစီအစဉ်**

အစီအစဉ်(၁) အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေညာခြင်း။

အစီအစဉ်(၂) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း။

အစီအစဉ်(၃) တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များက တင်ပြခြင်း-

(က) Global Earth Agro & Aqua Industry Public Co;Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်က အစားအသောက်ထုတ်လုပ်မှု နှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ခ) Delta Queen International Co;Ltd အုပ်ချုပ်မှု ဒါရိုက်တာ ဦးရွှေကြိုင်က ငါးအအေးခန်းစက်ရုံ၊ ရေခဲစက်၊ နို့စားနွား မွေးမြူရေးနှင့် တန်ဖိုးမြှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဂ) Ayeyarwaddy Development Public Co;Ltd ဒုတိယဥက္ကဋ္ဌ ဦးစည်သူစိုးက ပုသိမ်စက်မှုစီမံကိန်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဃ) ညောင်တုန်းမြို့နယ်၊ ရွှေဝါနဒီ စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးလူမော်မြင့်မောင်က ဆန်တင်ပို့မှုနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(င) ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ၊ အောင်သီဟ ဆန်စက်ပိုင်ရှင် ဦးစိုးဝင်းက ဆန်စက်လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(စ) ရောဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဦးဝင်းမြင့်လှိုင်က ကြံတည်ဆန်စက်လုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း။

(ဆ) ချောင်းသာ ဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဦးမင်းကျော်ဦးက ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဇ) ရောဝတီတိုင်းဒေသကြီး ပီလောပီနံစိုက်ပျိုးတင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ၊ ဦးကျော်သူရက ပီလောပီနံသီးနှံ နိုင်ငံတကာအဆင့်မီ စိုက်ပျိုးတင်ပို့ ရောင်းချမှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ဈ) ပုသိမ်မြို့၊ ငွေကျားဆီစက် ဒေါ်မီမီကျော်က ဆီစက်ထုတ်လုပ်မှုနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခြင်း။

(ည) မအူပင်စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ၊ ဦးအောင်ကျော်မင်းက တင်ပြဆွေးနွေးခြင်း။

(ဋ) SEA & LAKE Co;Ltd မန်နေးဂျင်းဒါရိုက်တာ၊ ဦးဝင်းနိုင်က တင်ပြဆွေးနွေးခြင်း။

အစီအစဉ်(၄) အထွေထွေဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၅) တင်ပြဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ပြန်လည် ဆွေးနွေးတင်ပြခြင်း။

အစီအစဉ်(၆) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးအမှာစကားပြောကြားခြင်း။

အစီအစဉ်(၇) အခမ်းအနား ပြီးမြောက်ကြောင်း ကြေငြာခြင်း။

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များ

**ဦးဌေးမြင့်(Global Earth Agro & Aqua Industry Public Co;Ltd ဥက္ကဋ္ဌ)**

၁။ ကျွန်တော်သည် Global Earth Agro & Aqua Industry Public Co;Ltd မှ အစားအသောက်ထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦး ဖြစ်ပါတယ်။

၂။ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် မိုးကုတ်ဒီးဒုတ် ရေနက်ကွင်းတွင် လွန်ခဲ့သော နှစ်(၃၀)မှစတင်၍ မိရိုးဖလာစနစ်ဖြင့် တိုင်းရင်းငါးမျိုးစေ့နှင့် ပြည်ပငါး မျိုးစေ့များဖြင့် ပြည်တွင်း စားသုံးမှုကို အဓိကထားမွေးမြူခဲ့ပါတယ်။

၃။ ၂၀၁၈ ခုနှစ်တွင် ပြည်ပဈေးကွက်ရှိသော Pangasius ငါးတန်ငါးမျိုးနွယ်စုကို မွေးမြူရေး စနစ်ပြောင်းလဲ၍ အနံ့မရှိအောင်၊ အဆီ နည်းအောင်၊ အသားဖြူအောင်၊ ဓါတုဆေးဝါး အသုံး မပြုရအောင်၊ ကြီးထွားနှုန်း ကောင်းအောင်၊ ရာသီမရွေးသားပေါက် ရရှိအောင်၊ ရှင်သန်နှုန်း မြင့်မားအောင်၊ ရေစီးရေလာကောင်းအောင်စသည့် အချက်များကို သတိထား၍ မွေးမြူရေး ပညာရှင်များ၊ အစာပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များ၊ ငါးလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပူးပေါင်းစမ်းသပ် မွေးမြူခဲ့ရာ တစ်ကေလျှင် ငါးအကောင်ရေ (၁၀၀၀၀၀) ထည့်သွင်းနိုင်ပြီး ပိဿာချိန် (၁၂၀၀၀၀) အထိ အောင်မြင်စွာ မွေးမြူနိုင်ခဲ့ပါသည်။ ထူးခြားချက်အနေဖြင့် အနံ့၊ အရောင်၊ အဆီတို့များစွာ ကောင်းမွန်ပြီး ရှင်သန်မှု ကောင်းကြောင်း သိရှိရပါတယ်။

၄။ ကောင်းမွန်စွာ မွေးမြူနိုင်သည့် ငါးများကို ဆက်လက် တိုးချဲ့မွေးမြူနိုင်ရန်နှင့် ပြည်ပသို့ တိုးချဲ့ရောင်းချနိုင်ရန်အတွက် လိုအပ်သော နည်းပညာဖြင့် ငါးကန်များ၊ အဆင့်မီ သားပေါက် စခန်းများ တည်ဆောက်ခြင်း၊ အာဟာရပြည့်ဝပြီး သန့်ရှင်းသောငါးစာ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်ခြင်း၊ အအေးခန်းစက်ရုံတည်ဆောက်ခြင်း၊ လျှပ်စစ် ဓါတ်အားပေးစက်ရုံ တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ယာ တည်ဆောက်ခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး (၂၀၁၉)ခုနှစ်မှ စတင်၍ ယနေ့အထိ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

၅။ (၂၀၂၃-၂၀၂၄)ခုနှစ်တွင် ကုန်ထုတ်လုပ်ငန်း စတင်လည်ပတ်နိုင်ရန်နှင့် ပြည်ပဝင်ငွေ (၁)နှစ်လျှင် သန်း(၃၀၀)ခန့် ရရှိရန်မျှော်မှန်း၍ လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၆။ အခက်အခဲများအနေဖြင့် ငွေကြေးလဲလှယ်မှုနှင့် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူရသည့် ဈေးနှုန်းပြောင်းလဲမှု၊ ကိုဗစ်-၁၉ ကြောင့် ပညာရှင်များ သွားလာရေးခက်ခဲမှု၊ တည်ဆောက်ချိန် တိုးမြှင့်ကြန့်ကြာခြင်းနှင့် မ,တည်ရင်းနှီးငွေ ထပ်မံလိုအပ်သည့် စိန်ခေါ်မှုများ၊ အချိန်မီပြီးစီးမှု မရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှု များလာခြင်းတို့ ဖြစ်ပေါ် ကြုံတွေ့ရပါတယ်။

၇။ အဓိကအချက်အနေဖြင့် စီးပွားရေးချေးငွေ (Commercial Loan)၊လျှပ်စစ်ဓါတ်အား၊ လမ်းပန်းဆက်သွယ်ရေး(ရန်ကုန်-ပုသိမ်လမ်းနှင့် စီမံကိန်းလမ်းအကြား)၊ ပြည်ပတင်ပို့ရောင်းချရာတွင် လိုအပ်သည့် ပံ့ပိုးမှုများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုများ တို့၏ အကူအညီများလိုအပ်ပါတယ်။

၈။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေး ဘေးထွက်ပစ္စည်း (စပါးခွံ၊ ဖွဲနု၊ ဆန်ကွဲ၊ ပြောင်း ဆံ၊ ပဲဖတ်၊ နှမ်းဖတ်၊ ဂျုံဖတ်)၊ ငါးပေါင်းမှုန့်များ လုံလောက်စွာ ရရှိနိုင် ခြင်း၊ ဓါတုကင်းစင်သည့် ရေများကို အသုံးပြုခြင်းဖြင့် ရောဂါပိုးမွှားများ ကျရောက်မှုနည်းပါးခြင်း၊ လူ့အရင်းအမြစ်ပြည့်စုံ လုံလောက်အောင် ရရှိခြင်းတို့အပြင် သဘာဝငါးများကို Value Added Food များ ပြုလုပ်၍ ကမ္ဘာ့လူသားများအတွက် နေ့စဉ်အစားအသောက် ဖူလုံအောင် ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် အစဉ်တည်တံ့နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

၉။ ဒေသအတွင်း အလုပ်အကိုင်ပေါ်များလာခြင်း၊ တိုက်ရိုက်ဝန်ထမ်း(၆၀၀၀)နှင့် ဆက်စပ် လုပ်ငန်းလုပ်ကိုင်သူ (၅၀၀၀၀)ဦးရေ အလုပ်အကိုင် အခွင့်အလမ်းရရှိခြင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် ထုတ်ကုန်တိုးတက်ခြင်း၊ ပြည်ပဝင်ငွေပိုမိုရှာဖွေနိုင်ခြင်း၊ ပြည်ပတင်သွင်းမှု လျော့နည်းခြင်း၊ ပြည်တွင်းစားသုံးမှုဖူလုံခြင်း၊ နိုင်ငံတော်မှ အခွန်အခများ ပိုမိုရရှိလာခြင်း၊ ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာခြင်းစသော အကျိုးကျေးဇူးများ ရရှိပါတယ်။

၁၀။ မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စား နှင့်အလတ်စား (MSME)လုပ်ငန်းစုတစ်ခုလုံး ကြီးပွားတိုးတက်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်များကို ဦးထိပ်ထား၍ နိုင်ငံတော်

အကြီးအကဲများ၏ လမ်းညွှန်မှုကို တိကျစွာလိုက်နာ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဦးရွှေကြိုင်** (**Delta Queen International Co;Ltd အုပ်ချုပ်မှုဒါရိုက်တာ**)

**၁။** ကျွန်တော်ဦးရွှေကြိုင်သည် Delta Queen International Co;Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ပါတယ်။

၂။ ကျွန်တော့်ကုမ္ပဏီမှ ငါးအအေးခန်းစက်ရုံ၊ ရေခဲစက်၊ နို့စားနွားမွေးမြူရေးနှင့် တန်ဖိုးမြှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါတယ်။ ငါးအအေးခန်းစက်ရုံမှ ထွက်ရှိသော အေးခဲငါးများကို ပြည်ပနိုင်ငံများသို့ တင်ပို့၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသော လုပ်ငန်းလည်းဖြစ်ပြီး အမြဲတမ်းဝန်ထမ်းအင်အား (၅၀၀) ကျော်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ နေ့စားဝန်ထမ်း (၂၀၀)ကျော်၊ စုစုပေါင်းဝန်ထမ်းအင်အား (၇၀၀) ကျော်ကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါတယ်။ ထို့အပြင် တန်ဖိုးမြှင့် နို့ထွက်ပစ္စည်းများကို ပြည်တွင်းဈေး ကွက်သို့ ကျန်းမာရေးနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိပါတယ်။

၃။ ငါးမွေးမြူရေးလုပ်ငန်းကို (၂၀၀၂)ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ မအူပင်မြို့နယ်တွင် ငါးမွေးကန် (၇၁၆၃.၄၁)ဧကနှင့် ညောင်တုန်းမြို့နယ်တွင် ငါးမွေးကန် (၂၂၁.၃၈)ဧက၊ စုစုပေါင်း (၇၃၈၄.၇၉) ဧကဖြင့် ငါးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ ငါး ကန်အရွယ်အစား (၁.၂၅)ဧကမှ (၁၀၅)ဧကအထိရှိပြီး စုစုပေါင်း ကန်လုံးရေ (၂၁၅)လုံး ရှိပါတယ်။ ကိုယ်ပိုင် ငါးသားပေါက်စခန်းမှ အရည်အသွေးမီ ရောဂါ ကင်းစင်သည့် ငါးမြစ်ချင်း၊ ငါးတန် သားပေါက်များကို နှစ်စဉ် သိန်း(၁၅၀)ခန့် ထုတ်လုပ်၍ ထည့်သွင်းမွေးမြူဆောင်ရွက်နေပါတယ်။ (၆၀၀၀) ဧကခန့်ဖြင့် အသားတိုးငါးများ မွေးမြူထားရှိပါတယ်။ နေ့စဉ် ငါးကုန်ချိန်ပိဿာ(၁၀၀၀၀-၁၅၀၀၀)ခန့်၊ (၂၅)တန်ခန့် ပြည်တွင်းဈေးကွက်များနှင့် အအေးခန်းများသို့ ကိုယ်ပိုင်ငါးအရောင်း Jatty မှတဆင့် တင်ပို့ရောင်းချပါတယ်။

၄။ အအေးခန်းစက်ရုံကို (၂၀၁၅-၂၀၁၆)ခုနှစ်တွင် တည်ထောင်၍(၂၀၁၇) ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ လုပ်ငန်းများ စတင်လုပ်ကိုင် ဆောင်ရွက်ခဲ့ပါတယ်။ နှစ်စဉ် အေးခဲငါး (ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်း ပွ၊ ငါးတန်၊ ထိုင်ဝမ်၊ တီလားဗီးယား) ကုန်ချိန်

(၃၀၀၀)တန်ခန့် London, Jeddah, Riyadh, Dubai,Jordan, Bahrein, Bangladish and Saudi နိုင်ငံများသို့ တင်ပို့ ရောင်းချ ဆောင်ရွက်ပါတယ်။

၅။ (၂၀၂၁)ခုနှစ် မေလမှစ၍ ငါးတန်အသားလွှာ ငါးခြောက်လုပ်ငန်း စတင်ဆောင်ရွက်လုပ်ကိုင်ပြီး ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချပါတယ်။ ငါးခြောက်လုပ်ငန်းမှ ထွက်ရှိလာသော ဆားငံစွန့်ပစ်ရည်များကို ရေချိုငါးငံပြာရည်အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်း ချနိုင်ရန် ကြိုးစားဆောင်ရွက်နေပါတယ်။

၆။ (၂၀၂၂)ခုနှစ် ဩဂုတ်လမှစ၍ ငါးလေးချဉ်၊ ငါးဖယ်ချဉ်နှင့်ငါးခြစ်လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ပါတယ်။ တာရှည်ခံဆေးဝါးနှင့် ဓါတုဆေးများ (လုံး၀)မပါ၀င်ဘဲ သန့်ရှင်းလတ်ဆတ်စွာ ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်များသို့ စတင်ဖြန့်ဖြူး ရောင်းချခြင်းများ ဆောင်ရွက် နေပါတယ်။

၇။ ငါးလုပ်ငန်း ဦးစီးဌာနမှ ထောက်ခံချက်လက်မှတ်ရရှိသော(Lactoba -cillus) ကို အခြေခံ၍ သိပ္ပံနည်းကျမွေးမြူပြီး အကျိုးပြု (Probiotic) ဆေးရည်ကို (Delta Queen ) အမည်ဖြင့် လီတာ(၃၀၀၀)ခန့် ထုတ်လုပ်ပြီး မွေးမြူရေးလုပ်ငန်းများတွင် ဘက်စုံအသုံးပြုလျက်ရှိပါတယ်။ သီးစုံအီးအမ် (EM) နှင့် နွားနို့၊ ဒိန်ချဉ် (Return) အီးအမ် (EM)တို့ ထုတ်လုပ်ပြီး ငါးမွေးကန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုပါတယ်။ (Probiotac) ပိုးရည်နှင့် အီးအမ်(EM)တို့ကို ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

၈။ ညောင်တုန်းကျွန်းအတွင်း ဗေဒါများ၊ ဒေါင်းဒိုက်များ အလွန်ပေါများ၍ မြစ်ချောင်း၊ အင်းအိုင်များပိတ်ဆို့ကာ ရေစီးရေလာ မကောင်းပါသဖြင့် နှစ်စဉ်ဗေဒါများ၊ ပေါင်းဒိုက်များအား စက်ယန္တရားများ၊ လူများဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်ကာ အခြောက်ခံထားပါတယ်။ အခြောက်ခံထားသော မြေဆွေး၊ အမှိုက်ဆွေးများအား ကောက်ရိုး၊ နွားချေး အကျိုးပြုပိုးတို့ဖြင့် အချိုးကျ ပေါင်းစပ်ကာ သဘာ၀မြေသြဇာများကို ထုတ်လုပ်နေပါတယ်။ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန် ဆောင်ရွက်လျက် ရှိပါတယ်။

၉။ နို့စားနွားများကို (၂၀၁၈)ခုနှစ် ဒီဇင်ဘာလတွင် စတင်မွေးမြူခဲ့ပါသည်။ နို့စားနွား မွေးမြူရေးခြံ (၅)ခြံရှိပြီး နွားထီး (၁၁၄)ကောင်၊ နွားမ (၄၁၃)ကောင်၊ နွားကလေး (၈၄) ကောင်၊ စုစုပေါင်း (၆၁၁) ကောင် မွေးမြူထားရှိပါတယ်။ နို့စားနွားများကို နေဗီယာ မြက်၊

အစာတောင့် (De Heus, CP)၊ ဘီယာဖတ်၊ သကာရည်များ ကျွေးမွေးပါတယ်။ နို့ပေး နွားမကောင်ရေ (၁၄၀)ကောင်မှ နေ့စဉ်နွားနို့ (၇၅၀)ပိဿာခန့် ထွက်ရှိပါတယ်။

၁၀။ ၂၀၂၀ ခုနှစ် ဧပြီလမှစ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ငှားရမ်းထားသော နို့ပေါင်း စက်(၃)လုံးဖြင့် နွားမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် နွားနို့များကို ပေါင်းခံပြီး တန်ဖိုးမြင့် ထုတ်ကုန်များဖြစ်သော နွားနို့၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ ထောပတ်၊ နို့ကျောက်ကျော၊ နို့ခဲများ ပြုလုပ်၍ နေ့စဉ်ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချ ဆောင်ရွက်လျက် ရှိပါတယ်။ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျောင်းနေအရွယ် ကလေးငယ်များအား အရိုးအဆစ်နှင့် သွားများကို ခိုင်မာစေရန်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးစေရန်၊ ခွန်အားရရှိစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက်စေရန်အတွက် နွားနို့တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၁။ မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျွန်းဦးကျေးရွာအုပ်စုတွင်ရှိသော ရေလုပ်ငန်းနှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်ထွက်ကုန်များကို ပြည်တွင်းနှင့်ပြည်ပသို့ ဖြန့်ဖြူးရာတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို တင်ပို့ရာတွင် ရန်ကုန်-ပုသိမ်လမ်းမကြီးသို့ ရောက်ရန် ခတ္တိယ-ငှက်ပျောကျွန်း ကျေးလက်ကွန်ကရစ်လမ်း (၃)မိုင်(၄)ဖာလုံနှင့် မလက်တို-မဲဇလီ ကတ္တရာလမ်း (၄)မိုင် (၇)ဖာ လုံတို့ကို ကုန်ထုတ်လမ်းအဖြစ် အဓိကထား အသုံးပြု နေရပါတယ်။ သို့ပါ၍ ထိုလမ်းပိုင်းများကို တိုင်းဒေသကြီး၊ ခရိုင် လမ်းဦးစီး ဌာနများတွင် နှစ်စဉ်ခွင့်ပြုချက်ယူ၍ ကုန်ကျစရိတ်များ ထည့်ဝင်ပြင်ဆင် အသုံးပြုခွင့် ရသည့်အတွက် ကုန်ထုတ်လုပ်ငန်းများ အဆင်ပြေချောမွေ့လျက် ရှိပါတယ်။ အဆိုပါ လမ်းများ၏ ကြံ့ခိုင်ရေးကို နိုင်ငံတော်မှ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုအဆင်ပြေ ချောမွေ့နိုင်မည်ဖြစ်ပါတယ်။

၁၂။ ယခုအချိန်အခါတွင် လမ်းလုပ်ငန်းကျွမ်းကျင်မှု အားနည်းသောကြောင့် ကုန်ကျစရိတ် ပိုမို များပြားလာခြင်း၊ ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်ခြင်း၊ ကျွမ်းကျင်လမ်းလုပ်သား ရှားပါးခြင်းတို့ကြောင့် အဆိုပါ မလက်တို-မဲဇလီ ကတ္တရာလမ်းပိုင်းနှင့် ငှက်ပျောကျွန်း-ခတ္တိယ ကျေးလက်ကွန် ကရစ်လမ်းပိုင်းတို့၏ ကြံ့ခိုင်ရေးကို နိုင်ငံတော်မှ နှစ်စဉ်တိုးတက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးမည်ဆိုပါက မိမိနှင့် ဒေသခံပြည်သူများ ပိုမို အဆင်ပြေသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၁၃။ နိုင်ငံတော်မှ မွေးမြူရေးချေးငွေများ ထုတ်ချေးပေးထားသည်ကို တွေ့ရှိရသည့်အတွက် ကျေးဇူးအထူးတင်ပါကြောင်း၊ မိမိပိုင်လုပ် ငန်းများမှ အခွန်အခများကို နိုင်ငံတော်သို့ ပေးသွင်းထား ရှိပါကြောင်း၊ နိုင်ငံတော်မှ ကောက်ခံသည့်အခွန်နှုန်းထားများသည်လည်း သင့်လျော်မှုရှိပါကြောင်း၊ လက်ရှိကာလမှာ နိုင်ငံတော်က သတ်မှတ်ထားသည့် အချို့သောအခွန်နှုန်းထားများကို အနည်းငယ် လျှော့ပေါ့ပေးမည်ဆိုပါက မိမိတို့လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများပိုမို တွင်ကျယ်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဦးစည်သူစိုး (Ayeyarwaddy Development Public Co;Ltd ) ဒုတိယဥက္ကဋ္ဌ**

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကို ရိုသေစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ပုသိမ်စက်မှု စီမံကိန်းကို တာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ Ayeyarwaddy Development Public Co;Ltd မှ ဒုတိယဥက္ကဋ္ဌ ဦးစည်သူစိုး ဖြစ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်များစီမံကိန်းဟာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်နှင့်ကန်ကြီးထောင့်မြို့နယ်များအတွင်း မြောက်ဘက်တွင် ပုသိမ်မြို့ ရေကြည်ဦးရပ်ကွက်၊ အရှေ့ဘက်တွင် ပုသိမ်-ငပုတော ကားလမ်း၊ အနောက်ဘက်တွင် ပေပင်မြစ်၊ အနောက်ဘက်တွင် ပုသိမ်မြစ်တို့ အကြားတည်ရှိတဲ့ ဧရိယာဧက (၆၇၀၀) ပေါ်တွင် ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် မြို့ပြဖော်ဆောင်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ခွင့်ပြုချက်ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဒေသဖွံ့ဖြိုးရေး စီမံကိန်းတစ်ခု ဖြစ်ပါတယ်ခင်ဗျာ။

၃။ ကျွန်တော်တို့စီမံကိန်းဟာ ၂၀၁၂ ခုနှစ် သမ္မတကြီး ဦးသိန်းစိန်လက်ထက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအမံအောက်မှာ ပေါ်ထွန်းလာတဲ့ စီမံကိန်းတစ်ခုဖြစ်ပြီး စီမံကိန်း တည်ရှိရာနေရာဟာ

ရေကြီးရေနက် ကွင်းအများစုပါဝင်တဲ့ လယ်နှင့် အခြားမြေများပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

၄။ စီမံကိန်းစတင်ရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့ရဲ့ ပံ့ပိုးကူညီမှုကို စတင်ရရှိခဲ့တဲ့ ၂၀၁၂ခုနှစ်မှာ Feasibility Study ကို ထိုင်းနိုင်ငံအခြေစိုက် (TEAM Engineering & Consulting Group)ကို လုပ်ငန်းအပ်နှံခဲ့ပြီး ၂၀၁၄ခုနှစ်မှာ Study Report ကို ရရှိခဲ့ပါတယ်။ စီမံကိန်း စတင်ရန် လျာထားချိန်က လယ်မြေတစ်ကေလျှင် (၃)သိန်းမှ (၅)သိန်း အကြားဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြတဲ့ မြေများ ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော်များ ကုမ္ပဏီတာဝန်ရှိသူများ အနေဖြင့် Feasibility Study ဆောင်ရွက်နေစဉ်ကာလ အတွင်း တိုင်း ဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် တောင်သူများ၊ ဒေသတွင်း လုပ်ငန်း/ အစုအဖွဲ့များအားလုံးကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် စုဝေး တွေ့ဆုံ၍ လည်းကောင်း၊ စုဝေးတွေ့ဆုံပွဲသို့ လာရောက်နိုင်ခြင်းမရှိသူ များအတွက် တစ်အိမ်တက်တစ်အိမ်ဆင်း သွားရောက်တွေ့ဆုံ၍ ဆောင်ရွက်မည့် စီမံကိန်း အကြောင်း အရာများကို ရှင်းလင်းတင်ပြသည့် Transparency Process ကို စနစ်တကျ ဆောင်ရွက် ခဲ့ပါတယ်။

၅။ ၂၀၁၄ခုနှစ် Feasibility Study Report အရ စီမံကိန်းဖြစ်နိုင်ချေကောင်းမွန်သဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ တောင်သူများနှင့် ညှိနှိုင်းသတ်မှတ်ပေးခဲ့သည့် ဈေးနှုန်း များဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်များကို စနစ်တကျ လွှဲပြောင်းရယူခဲ့သဖြင့် ယနေ့တိုင် မူလ တောင်သူများနှင့် မြေယာဆိုင်ရာ အရှုပ်အရှင်း မရှိတဲ့စီမံကိန်းတစ်ခုအဖြစ် ရပ်တည် နေပါကြောင်း တင်ပြအပ်ပါတယ်။

၆။ စီမံကိန်း ဆောင်ရွက်ရန်အတွက် အလွန်အရေးပါတဲ့ ESIA(Environmental and Social Inpact Assessment )ကို စင်္ကာပူနိုင်ငံ ASEAN Engineering & Consulting Pvt, Limited သို့ လည်း ကောင်း၊ Master Plan နဲ့ Detail Drawing များကို TEAM Engineering & Consulting Group (Thailand) /Surbana Jurong (Singapore) သို့လည်းကောင်း၊ ဆိပ်ကမ်းနှင့်ရေလမ်း ကြောင်းဆိုင်ရာ ကိစ္စရပ်များအတွက် နယ်သာလန် အခြေစိုက် Royal Haskoning DHV စသည့် နိုင်ငံတကာ အဖွဲ့အစည်းများကို အပ်နှံပြီး စနစ်တကျအကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။

၇။ စီမံကိန်းတည်နေရာဟာ ပုသိမ်မြို့တော်ခန်းမမှ (၃)မိုင်၊ လေဆိပ်မှ (၅)မိုင်နှင့် ပုသိမ်ဘူတာမှ (၂)မိုင်အသီးသီးအကွာအဝေး အတွင်းမှာရှိတဲ့ အချက်အချာ နေရာတစ်ခုဖြစ်တဲ့အပြင် အပြည်ပြည်ဆိုင်ရာအဆင့် စီမံကိန်းများဖြစ်တဲ့ Ayeyarwady Economic Corridor ရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ်လည်းကောင်း၊ JICA (Janpan International Cooperation Agency)ရဲ့ ပုသိမ်၊ မန္တလေး၊ မော်လမြိုင်မြို့ကြီး (၃)မြို့မှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် Urban Development Plan ၂၀၄၀ တွင် လည်းကောင်း ထည့်သွင်းလျာထားခြင်းခံရတဲ့ စီမံကိန်းတစ်ခု လည်းဖြစ်ပါတယ်။

၈။ ကျွန်တော်များ ကုမ္ပဏီအနေနဲ့ စီမံကိန်းအပိုင်း(၁)အတွက် ကျပ်(၁၂၆)ဘီလျံ (အမေရိကန် ဒေါ်လာသန်း (၆၀)ကျော် ရင်းနှီးမြှုပ်နှံထားရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက စီမံကိန်း ရင်းနှီးမြှုပ်နှံမှု တန်ဖိုး (၂၁၀၀)ဘီလျံကျပ်အထိ ရောက်ရှိမှာဖြစ်ကာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ (၅)ဘီလျံခန့် ဝင်ရောက်လာမည်ဟု တွက်ချက်ခန့်မှန်း ထားပါတယ်။ စီမံကိန်းအဆင့်များ အားလုံးပြီးစီးပါက လူဦးရေ (၁.၅) သန်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှာဖြစ်လို့ ဒေသအတွင်း လူမှုစီးပွားဘဝကိုလည်း ကြီးမားတဲ့အထောက်အပံ့တစ်ခု ဖြစ်လာမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၉။ စီမံကိန်းအပိုင်း (၁)ရဲ့ အခြေခံအဆောက်အဦ တည်ဆောက်ရေး လုပ်ငန်းများ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (၄)ခု အပါအဝင် လုပ်ငန်း (၁၁)ခုရှိနေပြီ ဖြစ်ပါတယ်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးအနေဖြင့် MIC တင်ပြရန်ဆောင်ရွက်ဆဲ လုပ်ငန်း (၂)ခုမပါ အမေရိကန်ဒေါ်လာ (၇.၇)သန်းရှိပြီဖြစ်ကာ စုစုပေါင်းမြေဧက (၁၇၀)ခန့်ကို အသုံးပြု ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၁၀။ ၂၀၂၁ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်ဝန်ကြီးချုပ် စီမံကိန်းသို့ လာရောက်ကြည့်ရှုစဉ် လမ်းညွှန်ချက်များနှင့် ၂၀၂၂ ခုနှစ် ဇူလိုင် လအတွင်း ပုသိမ်မြို့သို့ လာရောက်စဉ် လမ်းညွှန်ချက်များကို ကျွန်တော်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဦးဆောင်လမ်းညွှန်မှုဖြင့် အပြည့်အဝလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ လိုက်နာဆောင်ရွက်ပြီးစီးမှုများကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်။

၁၁။ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စဉ် ဆောက်လုပ်ဆဲ စက်ရုံ အဆောက်အဦး (၈)လုံး အနက် (၄)လုံးမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပြီး ဆန်စက်(၁)လုံး၊ ဆန်နှင့်ကောက်ပဲ သီးနှံ သိုလှောင်ရုံ (၁)လုံးနှင့် အထည်ချုပ်စက်ရုံ (၂)ရုံ စီးပွားဖြစ်လည် ပတ်လျက်ရှိ ပါကြောင်း ၊ ဆန်စက် နှင့် သိုလှောင်ရုံတွင် အမြဲတမ်း/နေ့စားဝန်ထမ်း (၁၄၀)ဦးခန့်ကို လည်းကောင်း၊ အထည်ချုပ်စက်ရုံ (၂)ရုံတွင် လျာထားအင်အား (၂၀၀၀+၁၀၀၀= ၃၀၀၀) ဦးအနက် (၁၂၀၀+၈၀၀=၂၀၀၀)ဦးကို လည်းကောင်း အလုပ်အကိုင် နေရာချထားပေးနိုင်ပြီ ဖြစ်ပါတယ်။

၁၂။ ဆိပ်ကမ်းနဲ့ အခြားအဆောက်အဦ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း များတွင် နေ့စဉ်အလုပ်အကိုင် နေရာ (၁၀၀၀)ကျော် ဖန်တီးပေးလျက်ရှိတာမို့ စီမံကိန်း ဧရိယာ အနီးတဝိုက်မြို့နယ်၊ ရပ်ကွက် ကျေးရွာများရှိ ဒေသခံ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ တိုးတက် ကောင်းမွန်လာသဖြင့် များစွာဝမ်းမြောက် ကျေနပ်နေကြ ပါကြောင်း တင်ပြအပ်ပါတယ်။

၁၃။ ကျန်တည်ဆောက်ဆဲစက်ရုံ/သိုလှောင်ရုံ(၄)လုံးအနေဖြင့် (၉၀)ရာခိုင်နှုန်းအထိ ပြီးစီး (၃)လုံးနှင့် (၅၀)ရာခိုင်နှုန်းကျော် ပြီးစီး (၁)လုံးဖြစ်ကာ ၂၀၂၂ခုနှစ် ဒီဇင်ဘာလကုန်တွင် ရာနှုန်းပြည့်ပြီးစီးရေး လျာထားဆောင်ရွက်လျက် ရှိပါတယ်။ (၉၀)ရာခိုင်နှုန်းပြီးစီးတဲ့ သိုလှောင်ရုံ (C-၃၀)(၁)လုံးမှာတော့ ဆန်နှင့် ကောက်ပဲသီးနှံသိုလှောင်ခြင်းလုပ်ငန်းကို ယခုလ အတွင်း စတင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၁၄။ ကျန်တည်ဆောက်ဆဲစက်ရုံ သိုလှောင်ရုံ (၃)ရုံအနက် (၂)ရုံတွင် ဆန်နှင့် ပဲ/ ပြောင်း သန့်စင်ကြိတ်ခွဲ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည့် ရင်းနှီးမြှပ်နှံသူ (FDI Company) (၂)ခုနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ပြီးဖြစ်ပြီး၊ သက်ဆိုင်ရာ ရင်းနှီးမြှပ်နှံသူများမှ MIC တင်ပြရေးဆောင်ရွက် လျက်ရှိကာ လာမည့် ၂၀၂၃ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း လုပ်ငန်းစတင် လည်ပတ်နိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

၁၅။ ကျန်တည်ဆောက်ဆဲ (၁)ရုံတွင် ကျွန်တော်များ ကုမ္ပဏီနှင့် အခြားမိတ်ဖက် ကုမ္ပဏီများဖြစ်သော A Logistic Company, A Bank တို့ နှင့်ပူးပေါင်း၍ Commodity Trade Center (၁)ခုကို အကောင်အထည်ဖော်ဆောင်သွားမှာဖြစ်ပြီး စပါးရိတ်သိမ်းချိန် ကာလ တောင်သူလယ်သမားများ ထားသိုရန် နေရာမရှိသဖြင့်သော်လည်းကောင်း၊ ငွေကြေး

လိုအပ်ချက်အရသော်လည်းကောင်း၊ ချက်ချင်းရောင်းချရခြင်းကြောင့် ဈေးနှုန်းအရ နစ်နာမှု မရှိစေရန်အတွက် သိုလှောင် ထိန်းသိမ်းရန်၊ သို့မဟုတ် သိုလှောင် ရုံအတွင်း ထည့်သွင်းပြီး ဆန်စပါးများကို Collateral ထားရှိ၍ ချေးငွေရယူနိုင်ရန်နှင့် မိမိနှစ်သက်ရာ ဈေးနှုန်းရ ချိန်မှ ရောင်းချနိုင်ရန်ရည်ရွယ်၍သော်လည်းကောင်း၊ ဒေသတွင်းထွက် စိုက်ပျိုးရေးထွက် ကုန်များကို ပြည်တွင်းအနယ်နယ်အရပ်ရပ်ရှိ ကုန်စည်ဒိုင်များနှင့် ချိတ်ဆက်၍ လက်ကား ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက်လည်းကောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပ ပို့ကုန် လုပ်ငန်းဆောင်ရွက်သူများအတွက် သိုလှောင်ရုံနှင့် Financial Service ပေးနိုင်ရန် အတွက်လည်းကောင်း၊ နောင်တွင် လုပ်ထုံးလုပ် နည်းများနှင့်အညီ Bonded Warehouse /Bonded Zone အဖြစ် သို့တိုးမြှင့်သတ်မှတ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် Commodity Trade Center ကိုလည်း လာမည့် ၂၀၂၃ နှစ်ဆန်းပိုင်းတွင် စတင်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၁၆။ AIIP ဆိပ်ကမ်းအနေဖြင့် စီမံကိန်း Master Plan ပါအတိုင်း ဆိပ်ကမ်းကြီး တည်ဆောက် ရေးကို ဆောင်ရွက်ခြင်း မပြုသေးဘဲ ဒေသတွင်း ထုတ်လုပ်ထွက်ရှိသည့် ကုန်ပစ္စည်းများ ပြည်တွင်းပြည်ပသို့ ရေကြောင်းဖြင့် တိုက်ရိုက်တင်ပို့ ရောင်းချနိုင်ရန် လမ်းညွှန်ချက်နှင့်အညီ အခြေခံလိုအပ်ချက်များကိုသာ တည်ဆောက်ဆောင်ရွက်၍ မြန်မာ နှင့်ဘင်္ဂလားဒေ့ရှ် (၂)နိုင်ငံ အစိုးရများအကြား G to G စနစ်အရ ချုပ်ဆို ရောင်းချသည့် ဆန်တန်ချိန် (၂၀၀၀၀၀)အနက် တန်ချိန် (၃၀၀၀၀) မှ (၅၀၀၀၀)အကြား ပုသိမ်မှ တိုက်ရိုက်တင်ပို့ နိုင်ရန် ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် အောက်တိုဘာ (၂၈)ရက်နေ့မှ နိုဝင်ဘာ (၂)ရက်နေ့အထိ ပထမဦးဆုံးရေယာဉ် MCL-၇ ဆိုက်ကပ်၍ ဧည့်မထ တန်းမြင့်ဆန် (၂၆၅၀)တန်ကို လည်းကောင်း၊ နိုဝင်ဘာ(၂)ရက်နေ့တွင်ပင် MCL-၂၁ ရေယာဉ် ဆက်လက်ဝင်ရောက်ဆိုက်ကပ်၍ ကုန်တင်လုပ်ငန်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ MCL-၁၂ ရေယာဉ် ဆက်လက်ဝင်ရောက်ရန်ရှိပြီး တစ်စီးထွက်တစ်စီးဝင် စနစ်ဖြင့် သတ်မှတ်တန်ချိန် ပြည့်မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၁၇။ ဆိပ်ကမ်းဆိုင်ရာ တင်ပြချက်နှင့်ဆက်စပ်၍ နိုင်ငံတော်မှ ပြည်ပပို့ ဆန်များကို ပုသိမ်မှ တိုက်ရိုက်တင်ပို့ခွင့်ပြုသည့်အတွက် ဆန်စပါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချ သည့် Supply Chain တစ်ခုလုံးတွင် ပါဝင်သည့် တောင်သူ၊ စက်ပိုင်နှင့် ကုန်သည်များ၊

ပြည်ပပို့ကုန်လုပ် ငန်းရှင်များ၊ လုပ်သားများအတွက် များစွာ အကျိုးကျေးဇူးရရှိတဲ့အတွက် ထိုပုဂ္ဂိုလ်/အဖွဲ့အစည်းများရဲ့ ကိုယ်စား အထူးကျေးဇူးတင် ရှိပါကြောင်းနှင့် အရေးပါသည့် ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း တင်ပြလိုပါတယ်။

၁၈။ ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှုနှင့် တင်ပို့မှုအပေါ် ကျွန်တော်များ လေ့လာသိရှိထား သည့်အတိုင်း တင်ပြရမည် ဆိုပါ က ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက (၃.၇၅) သန်းကျော်နှင့် နွေစပါးစိုက်ဧက (၁.၃၈)သန်းခန့် အသီးသီးရှိပြီး စုစုပေါင်း စိုက်ဧက (၅. ၁၃)သန်းခန့် ရှိပါကြောင်း၊ မိုးစပါး တင်း (၂၆၃.၇) သန်းနှင့် နွေစပါး (၇၂.၈)သန်းတင်း ထွက် ရှိပါကြောင်း၊ စပါးတင်း(၁၀၀)လျှင် ဆန် (၁)တန်နှုန်းဖြင့် တွက်ချက်ပါက မိုး (၂.၆၄) သန်းနှင့် နွေ (၀.၇၂၈)သန်း စုစုပေါင်း နှစ်စဉ် ဆန်တန်ချိန် (၃.၃)သန်းကျော် ထုတ်လုပ်ထွက်ရှိနေပါကြောင်း၊ တိုင်းအတွင်း လူဦးရေ(၆.၅)သန်းခန့်၊ ငွေဆောင်-ချောင်းသာစသည့် အပန်းဖြေနေရာများနှင့် အခြားမြို့ရွာများသို့ တိုင်းပြင်ပမှ လာရောက်သည့် ဧည့်သည် (၃)သိန်းခန့်ကိုပါ ထည့်သွင်းစဉ်းစားပါက လူတစ်ဦးလျှင် (၁)နှစ်စားသုံးရန် ပျမ်းမျှ လိုအပ်ချက် (၃.၃)အိတ်နှုန်းဖြင့် စုစုပေါင်းလူဦးရေ (၆.၈)သန်းအတွက် နှစ်စဉ်ဆန်တန်ချိန် (၁.၀၇) သန်းကိုသာ တိုင်းအတွင်း စားသုံးမှုအတွက် လိုအပ်သည်ဖြစ်၍ တိုင်းအတွင်း နှစ်စဉ် ပိုလျှံဆန်တန်ချိန် (၂)သန်းကျော်ရှိနေမည် ဖြစ်ပါကြောင်း၊ အသေးစိတ်လေ့လာမှုများအရ အဆိုပါ ပိုလျှံဆန်များ၏ (၆၀)ရာခိုင်နှုန်းခန့်ရှိသည့် ဆန် တန် (၁.၃၇၆)သန်းသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စားသုံးရန်အတွက်လည်းကောင်း၊ (၄၀) ရာခိုင်နှုန်းခန့်ရှိသည့် ဆန်တန်ချိန် (၉)သိန်းကျော်သည် ပြည်ပသို့ ရန်ကုန်ဆိပ် ကမ်းမှတဆင့်လည်းကောင်း တင်ပို့နေသည်ကို လေ့လာသိရှိရပါကြောင်း၊ သို့ပါ၍ ပြည်တွင်း ဆန်ဖူလုံ မှုကို မထိခိုက်စေဘဲ တိုင်းဒေသကြီးမှ ထုတ်လုပ်ထွက်ရှိသည့် ဆန်/ဆန်ကွဲ တန်ချိန် (၁)သန်းခန့်ကို ပြည်ပတင်ပို့၍ နိုင်ငံခြားငွေ မြောက်မြားစွာ ရှာဖွေပေးနိုင်စွမ်းရှိနေပါကြောင်း တင်ပြလိုပါတယ်။

၁၉။ ကျွန်တော်များ စီမံကိန်းအတွင်း လက်ရှိလည်ပတ်ဆောင်ရွက်နေတဲ့ ဆန်စက်မှ G to G ရောင်းချထားသည့် ဆန်များအနက် တန်(၂၀၀၀၀) ကျော်ကို AIIP ဆိပ်ကမ်းမှတဆင့် တင်ပို့ပေးဖို့ ရှိနေပြီး လက်ရှိ ဆောင်ရွက်နေမှုအရ ဆန်(၁) အိတ်လျှင် ဝယ်ယူစရိတ်၊ သယ်ယူစရိတ် ကျပ်(၂၀၀၀)ကျော် သက်သာမှု ရရှိသဖြင့် အကျိုးအမြတ် ပိုမိုရရှိသလို

ဈေးကွက် ပြိုင်ဆိုင်နိုင်စွမ်း မြင့်မားလာပြီး စိုက်ပျိုးထုတ်လုပ်သူများကိုလည်း ဈေးနှုန်းပို မိုပေးနိုင်လာတဲ့အတွက် Exporter နဲ့ စက်ပိုင်များသာမက စိုက်ပျိုးတဲ့ တောင်သူများအထိ နောင်မှာ အကျိုးသက်ရောက်မှု ရှိလာမှာဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ ဆန်စက်မှ တင်ပို့ ဆောင်ရွက်နေတဲ့ တန်(၂၀၀၀၀) အပေါ်မှ နိုင်ငံတော်အနေနဲ့လည်း အကောက်ခွန်ဦးစီး ဌာန၏ ကြိုတင်ခွန် ကောက်ခံခြင်းမှ ကျပ် (၃၆၆.၆၇) သန်းခန့်ကို လည်းကောင်း၊ ဆိပ်ကမ်းနှင့် ရေကြောင်းထိန်းသိမ်းခစသည့် အခွန်အခ ကျပ် (၅၃.၅)သန်းနှင့် ညီမျှသည့် နိုင်ငံခြားငွေနှင့် မြန်မာငွေကျပ် (၂)သန်းကို လည်းကောင်း၊ AIIP အနေဖြင့် ကျပ် (၁၈၉)သန်းခန့်နှင့် ညီမျှသည့် နိုင်ငံခြားငွေကိုလည်းကောင်း ရရှိမည်ဖြစ်ပြီး သယ်ယူ ပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ကျပ် (၈၀)သန်းကို လည်းကောင်း၊ ကုန်တင်ကုန်ချဆောင်ရွက်သည့် လုပ်သားများအနေဖြင့် ကျပ်(၉၆)သန်းကို လည်းကောင်း အသီးသီးရရှိမှာဖြစ်လို့ ဒေသတွင်း လူမှုစီးပွားဘဝတိုးတက်လာစေပါကြောင်းနှင့် စီးပွားရေး လှုံ့ဆော်မှုတစ်ရပ်ဖြစ်စေပြီး ဒေသတွင်းနှင့် စီမံကိန်းအတွင်းသို့ ရင်းနှီးမြှုပ်နှံသူများ ပိုမို စိတ်ဝင်စားလာပြီ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀။ အကယ်၍ နိုင်ငံတော်အနေဖြင့် မူအရ ခွင့်ပြုနိုင်မည်ဆိုပါက တိုင်းဒေသကြီးအတွင်း ထုတ်လုပ်ထွက်ရှိသည့် ဆန်စပါးများမှ ပြည်တွင်းစားသုံးမှုအတွက် ခုနှိမ်ပြီး ပိုလျှံဆန်/ ဆန်ကွဲတန်ချိန် (၁)သန်းခန့်ကို တိုက်ရိုက်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေ ပိုမိုတိုးတက် ရှာဖွေနိုင်မည့်အပြင် နိုင်ငံတော်သို့ အခွန်အခ ကျပ်(၂၁၀)ဘီလျံကျော်ကို ကျွန်တော်များ တိုင်းဒေသကြီးအနေဖြင့် ရှာဖွေပေးနိုင်မည်ဖြစ်ပြီး Supply Chain တစ်ခုလုံးမှာရှိသည့် ပုဂ္ဂိုလ်များအတွက် ကျပ်(၄၉၈)ဘီလျံခန့် အကျိုးကျေးဇူးပိုမို ခံစားရမှာဖြစ်တဲ့အတွက် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ အလျှင်အမြန် တိုးတက်လာမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။

၂၁။ ကျွန်တော်များအနေဖြင့် နိုင်ငံတော်မှရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မား လာစေရေးကို ယခု ထက်ပိုမို ပါဝင်အားဖြည့်ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲစက်ရုံများ မကြာမီဝင်ရောက်လာမည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ သူများအတွက် လုပ်ငန်းလည်ပတ်နိုင်ရန်အတွက် (က)လျှပ်စစ်ဓါတ်အား လုံလောက်စွာ ရရှိရေး ပံ့ပိုးပေးနိုင်ပါရန်(ခ) ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်ထွက်

ရှိသည့်ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည် ပသို့ လွယ်ကူလျင်မြန်စွာ တင်ပို့၊ ရောင်းချ နိုင်ရေးအတွက် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေး ဆက်လက်ပံ့ပိုး ပေးနိုင်ပါရန် (ဂ) တောင်သူလယ်သမားများ ပို့ကုန်/သွင်းကုန် လုပ်ငန်း ရှင်များ၏ မရောင်းချရသေးသည့် ကုန်ပစ္စည်းများကို Bonded Warehouse များအတွင်း အာမခံအဖြစ် ထားရှိ၍ လိုအပ်သည့် ငွေကြေးအရင်းအနှီးများရယူကာ လုပ်ငန်းချဲ့ထွင် ဆောင်ရွက် နိုင်ရေးအတွက် Bonded Warehouse များနှင့် Bonded Zone တည်ထောင်ဆောင်ရွက်ခွင့် ရရှိရေးပံ့ပိုးကူညီ ဆောင်ရွက်ပေးပါရန်နှင့် ဝင်ရောက်နိုင်ရန် လိုအပ်သည့် မြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် တင်ပြရင်း ကျွန်တော်များ တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ နိုင်ငံတော် အကြီးအကဲမှ လမ်းညွှန်မှုပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

**ဦးလူမော်မြင့်မောင်(ရွှေဝါနဒီ စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်)အုပ်ချုပ်မှုဒါရိုက်တာ**

၁။ ကျွန်တော် ဦးလူမော်မြင့်မောင်သည် ရွှေဝါနဒီ စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ လုပ်ငန်းရှင်ဖြစ်ပါတယ် ခင်ဗျာ၊ ကုမ္ပဏီအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အရွှဲကျေးရွာ၌ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ခြင်းကို ခေတ်မီ ဆန်စက်ကြီးများဖြင့် စပါးမှတဆင့် ပို့ကုန်ဖြစ်သော Export Quality ဆန်များအထိ အစမှ အဆုံးထိ ကြိတ်ခွဲထုတ်လုပ် ၍ တင်ပို့နေသော ကုမ္ပဏီဖြစ်ပါတယ်။

၂။ ရွှေဝါနဒီ စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက်သည် မိခင်ရွှေဝါရောင် ရင်းနှီးမြှုပ်နှံမှု ဟိုးဒင်းကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ပြီး ရန်ကုန်တိုင်း ဒေသကြီးတွင်ရှိသော ရွှေဝါရောင် စိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ၏ ညီနောင်ကုမ္ပဏီအဖြစ် ရပ်တည်နေသော ကုမ္ပဏီများ အစုအဖွဲ့ (Group of Companies)၏ အဖွဲ့ဝင်ကုမ္ပဏီ ဖြစ်ပါတယ်။ ကုမ္ပဏီများအစုအဖွဲ့ အနေဖြင့် တစ်နှစ်လျှင် ဆန်နှင့်ဆန်ကွဲ ပို့ကုန်တန်ချိန် (၃၅၀၀၀၀)မှ (၆၅၀၀၀၀)အတွင်း နှစ်စဉ်တင်ပို့လျက် ရှိပါတယ်။ ရွှေဝါနဒီ ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင်လည်ပတ်သော (၂၀၁၉-၂၀၂၀)မှစ၍ ယနေ့အထိ ပို့ကုန်စုစုပေါင်း (၇၅၆၉၆)တန်ချိန် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။

၃။ Export Quality ဆန်များကို ထုတ်လုပ်တင်ပို့ရာတွင် ကုန်ကြမ်းအရည်အသွေး ကောင်းမွန်မှု၊ ကြိတ်ခွဲသော စက်များ၏ အရည်အသွေးကောင်းမွန်မှု၊ စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရန် လုံလောက်သော စွမ်းအင်ထောက်ပံ့နိုင်မှု၊ လုံလောက်သောလုပ်ငန်း

ရင်းနှီးလည်ပတ်ငွေနှင့် ဘဏ္ဍာရေးထောက်ပံ့မှုရှိခြင်း၊ နိုင်ငံသား/ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ယှဉ်ပြိုင်နိုင်မှု တန်းတူအခွင့်အရေးရှိခြင်း၊ ခိုင်မာသောနိုင်ငံတကာ ဈေးကွက်များရှိခြင်းနှင့် တည်ငြိမ်သော နိုင်ငံခြားငွေလဲလှယ်နှုန်းများ ရှိခြင်းတို့မှာ အရေးပါပါတယ်။ ကုန်ကြမ်းအရည်အသွေးကောင်းမွန်မှုဆိုင်ရာတွင် များပြားလှသော စပါးမျိုးများ ရှိခြင်းထက် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော မျိုးအနည်းငယ်ကိုသာ ဒေသအလိုက် စီမံချက်များဖြင့် စိုက်ပျိုးထုတ်လုပ်ပါက အထွက်နှုန်းတိုးခြင်း၊ အရည်အသွေးပြည့်မီခြင်းများကို ဖော်ဆောင်နိုင်မည်ဟု ထင်ပါတယ်။ ထို့အပြင် ရိတ်သိမ်းချိန်လွန်ကာလတွင် လိုအပ်သော ခေတ်မီစပါးအခြောက်ခံစက်များ လုံလောက်စွာရှိခြင်းသည် စပါးအရည် အသွေးအား ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး ရိတ်သိမ်းချိန်လွန်ပြီးနောက် ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဟု မြင်ပါသည်။ စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရန်အတွက် လျှပ်စစ်မီး အလုံအလောက်ရှိခြင်းနှင့် စက်လည်ပတ်ရန် လောင်စာဆီ အလုံအလောက်ရှိခြင်းများကို စီမံရပါတယ်။

၄။ လုပ်ငန်းရင်းနှီးလည်ပတ်ငွေနှင့် ဘဏ္ဍာရေးထောက်ပံ့မှု လိုအပ်ချက်တွင် ဘဏ်များမှ သက်သာသော အတိုးနှုန်းများဖြင့် ကာလတို/ ကာလရှည် အပေါ်မူတည်၍ လွယ်လင့်တကူ ရရှိစေခြင်းမှာ အရေးပါလှပါတယ်။ ထိုသို့ဘဏ်များမှ ချေးငွေများချေးပေးနိုင်ရန်မှာ လုပ်ငန်းရှင်၏ ရင်းနှီးမြှုပ်နှံထားသော မြေနှင့် အဆောက်အဦးများအား အာမခံအဖြစ် ထားရှိမှသာ ချေးငွေရရှိလေ့ ရှိပါတယ်။ သို့ရာတွင် မြေနှင့်အခြားပိုင်ဆိုင်မှုများ ခိုင်မာမှု အားနည်းပါက ဘဏ်မှချေးငွေရရှိရန်မှာ ခက်ခဲလျက်ရှိပြီး လုပ်ငန်းတိုးချဲ့ရန် ခက်ခဲပါတယ်။ နိုင်ငံသား/ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတွင်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု (FDI) ထက် ပမာဏအားဖြင့် ပိုမိုများပြားသည်ဟု မြင်မိပါတယ်။ နိုင်ငံသားလုပ်ငန်း ရှင်များအနေဖြင့် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ပြည်တွင်းဝယ်ယူရေးဈေးကွက်တွင်လည်းကောင်း၊ ပြည်ပရောင်းချရေး ဈေးကွက်တွင် လည်းကောင်း၊ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် တန်းတူယှဉ်ပြိုင်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း လေးစားစွာဖြင့် ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဦးစိုးဝင်း(ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း) ဥက္ကဋ္ဌ**

၁။ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးစိုးဝင်း ဖြစ်ပါတယ် ခင်ဗျာ။

၂။ ဧရာဝတီတိုင်းဒေသကြီးဟာဆိုရင် နိုင်ငံတော်ရဲ့ စပါးကျီဖြစ်တာနဲ့အညီ ဆန်စပါး ဖူလုံမှုရှိ သလို ဈေးကွက်က တောင်းဆိုတဲ့ စပါးအမျိုးအစား များကို စိုက်ပျိုးရေးကဏ္ဍ ကလည်း ဆောင်ရွက် သွားကြရမှာဖြစ်သလို ထွက်ရှိလာတဲ့ စပါးတွေကိုလည်း အရည် အသွေးမီ ပြည်ပဈေးကွက် အကြိုက် ဆန်များကို ဈေးကောင်းရရှိနိုင်ဖို့အတွက် ဆန်စက် ပိုင်ရှင်များ ကလည်း ခေတ်မီပြောင်းလဲ တိုးတက်လာတဲ့ နည်းပညာသုံးဆန်စက် ယူနစ်များကို အသုံးပြု ကြိတ်ခွဲထုတ်လုပ်လာဖို့ လိုအပ်နေတာလည်း အထင်အရှား ဖြစ်ပါတယ်။

၃။ အခုဆိုရင် ပုသိမ်စက်မှုစီမံကိန်း ဆိပ်ကမ်းကနေ ပြည်ပကို super ၅% ဆန်တွေ တိုက်ရိုက် တင်ပို့နေပြီ ဖြစ်တဲ့အတွက် ဆိပ်ကမ်းနဲ့နီးတဲ့ ပုသိမ်မြို့အနီးတစ်ဝိုက် ဆန်စက် တွေရဲ့ ဆန်စက်များ အဆင့်မြှင့်တင်ရေး ကဏ္ဍဟာ လွန်စွာ အရေးပါလှပါတယ်။ ဆိုလိုတာက ဧရာဝတီတိုင်းဒေသကြီး နယ်ပယ်အသီးသီးက ဆန်တွေ အကြောင်းအမျိုးမျိုးကြောင့် သင်္ဘော တင်ခါနီးချိန်တွင် ဆန်အရည်အသွေးအား ဆန်စပါးစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးပြီး သတ်မှတ်စက်ကြိတ်အဆင့်မမီတဲ့ ဆန်များကို နီးစပ်ရာဆန်စက်တွေမှာ ပြန်လည် ပြုပြင်ဖို့ ကိစ္စ၊ ဆိပ်ကမ်းကို အလျင်အမြန်ပို့ဆောင်ရေးမှာ လက်တွေ့အနေနဲ့ ထိရောက်တဲ့ ကဏ္ဍ အနေနဲ့ ပါဝင်နေပါတယ်ခင်ဗျာ။

၄။ ယခုလိုဆန်စက်များ လည်ပတ်ကြိတ်ခွဲရာမှာ အဆင့်မီပြည်ပဆန် ကြိတ်ခွဲနိုင်ရေး အတွက် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ၏ သုံးသပ်ဖော်ထုတ်ချက်ပါ ကြိတ်ခွဲထုတ်လုပ်မှု ဆိုင်ရာကဏ္ဍ အပိုဒ်(၁) အရ ကာလတို/ကာလ ရှည် ရင်းနှီးလှည့်ပတ်ငွေများ စီစဉ်ပေးနိုင်ရေး အစီအမံများ ချမှတ်ပေးခြင်း၊ ကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ ကဏ္ဍအပိုဒ်(၄)အရ ဆန်စက် အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို စပါးခွံလျှပ်စစ် ထုတ်စက်များဖြင့် တည်ဆောက် ရင်းနှီးမြှုပ်နှံခြင်း၊ ကြိတ်ခွဲ ထုတ်လုပ်မှု ဆိုင်ရာကဏ္ဍ အပိုဒ် (၈) အရ ဆန်စက်များ စနစ်တကျ မှတ်ပုံတင်နိုင်ရေးနှင့် လက်လီလက်ကားရောင်းဝယ်သူများ မှတ်ပုံတင်နိုင်ရေး၊ ဆန်စပါး အသင်းချုပ် (သို့မဟုတ်) ယခင် ကုန်သွယ်လယ်ယာကဲ့သို့ ဌာနမှဦးဆောင်စီစဉ် ဆောင်ရွက်ပေးခြင်း၊ ကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာကဏ္ဍ အပိုဒ်(၉)အရ အရည်အသွေး၊ အန့်အရသာနှင့် အမြင်တင့်တယ်ကောင်းမွန်မှုစသည့် အလေ့အကျင့်ကောင်းများ ဆောင်ရွက်ရန် HACCP, GMP ,ISO စသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ ရရှိနိုင်ရေး မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်းမှ ဆောင်ရွက်ပေးခြင်း၊ ပို့ကုန်တိုးမြှင့် ရေးနှင့် ကုန်သွယ် မှုကဏ္ဍ အမှတ်စဉ်(၅)အရExport Financing အစီအမံ ချမှတ်ပေး ခြင်း၊

ပို့ကုန်တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုကဏ္ဍ အမှတ်စဉ်(၁၄) အရပြည်တွင်းဆန်စျေး နှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့် ဒေသများတွင်ထိရောက်သည့် ပံ့ပိုးမှုပေးနိုင်ရေး နှစ်စဉ်အရန်ဆန် ဝယ်ယူစုဆောင်းနိုင်ရေးအစီအမံ ချမှတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

၅။ မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ ဖော်ထုတ်ချက်များနှင့်အညီ ဆန်စက် ဖွံ့ဖြိုးရေးအတွက် ချေးငွေထုတ်ပေးရေး အစီအမံများတွင် ပိုင်ဆိုင်မှု အထောက်အထားပြ ပေါင်နှံမှုအပြင် ဝိုင်းကြီးချုပ် စနစ်ဖြင့် ချေးငွေရရှိနိုင်မည့် အစီအမံများ ချမှတ်ပေးနိုင်ပါရန် တင်ပြ လိုပါတယ်။

၆။ နိုင်ငံချုပ်အနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ဆန်စပါးဖြင့်ကြိုးပမ်းစို့ ဆောင်ပုဒ်နှင့်အညီ မိမိတို့ တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းများအသင်းမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဦးဝင်းမြင့်လှိုင် (ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း) ဥက္ကဋ္ဌ**

၁။ လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဌာနဆိုင်ရာ စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများနှင့် တက်ရောက်လာသော လုပ်ငန်းရှင်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်စက်မှုလုပ်ငန်းရှင်များအသင်းကို အသင်း (၄၀) ဖြင့် ဖွဲ့စည်းတည်ထောင် ထားရှိပါတယ်။ ကျွန်တော်တို့အသင်းအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များအကြား ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိသည့် အသင်းဖြစ်ပါတယ်။

၂။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ နိုင်ငံတော်အတွက်နှင့် ပြည်ပပို့ကုန် တင်ပို့နိုင်ရေးအတွက် အဓိကထုတ်ကုန်ဖြစ်သည့် (၁)ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်း (၂)ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ခြင်း (၃) သား၊ ငါးမွေးမြူထုတ်လုပ်ခြင်း (၄) ဆားထုတ်လုပ်ငန်းထုတ်လုပ်ခြင်း (၅) ပီလောပီနံ၊ ပြောင်း စိုက်ပျိုးထုတ်လုပ်ခြင်းများအပြင် ဧရာဝတီတိုင်း

ဒေသကြီးအတွင်း ဆီဖူလုံနိုင်ရန်အတွက် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ပြီး ရှည်လျားသော ကမ်းရိုးတန်းများရှိသည့်အတွက် ဟိုတယ် ခရီး သွားလာရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။

၃။ ကျွန်တော့်အနေဖြင့် ကဏ္ဍများစွာထဲက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တင်ပြ လိုပါတယ်။ ရခိုင်ပြည်နယ်ဒေသကြီးမှာ မိုးစပါးစိုက်ပျိုးဧက (၃၇) သိန်းကျော်၊ နွေစပါး စိုက်ပျိုးဧက (၁၀) သိန်းကျော် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

၄။ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးနှင့် ပဲတီစိမ်း စိုက်ပျိုးရာတွင် တောင်သူများထံသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး သွင်းအားစုများကို တောင်သူ လယ်သမားများ လက်ဝယ်သို့ အချိန်မီရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ဆန်စပါး၊ မတ်ပဲ၊ ပဲတီစိမ်းများ အထွက်တိုးလာသည့်အတွက် တောင်သူလယ်သမားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝ မြင့်မားလာမှာ ဖြစ်ပါ တယ်။

၅။ ထို့အပြင် မြန်မာနိုင်ငံဆန်စပါး ညီလာခံတွင် တောင်သူလယ်သမားဘဝ မြင့်မားရေး အတွက် စီးပွားရေးဆိုင်ရာ ဆောင်ရွက်မည့်အချက်များမှာ ပုသိမ်ဆိပ်ကမ်းမှ ဆန်များကို တင်ပို့နိုင်ရန်အတွက် ဧရာဝတီတိုင်းအတွင်းရှိ ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ သိုလှောင်ရုံ များတည်ဆောက်ရေးအတွက် ဧရာဝတီတိုင်ဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနနှင့် ကျွန်တော်တို့ ARCCI တို့နှင့်ပူးပေါင်း၍ Pilot Project အနေဖြင့် ဆန်စက် (၃၃)လုံးအား စိစစ်ရွေးချယ်ထားပြီး ၎င်းဆန်စက်များကို သက်သာသောချေးငွေအား စီစဉ်ပေးပါရန် တင်ပြ လိုပါတယ်။

၆။ ဆန်စက်များ လည်ပတ်ရာတွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် စပါးခွံဓါတ်ငွေ့သုံး အင်ဂျင်ဖြင့် လျှပ်စစ်ထုတ်စက် တပ်ဆင်နိုင်ရန်အတွက် ဆန်စက်ပိုင်ရှင်များနှင့် ဆွေးနွေး ညှိနှိုင်းပြီး ဆန်စက်အလုံး (၁၀၀)မှ ချေးငွေရရှိနိုင်ရန်လည်း တင်ပြထားသည့်အတွက် စီမံကိန်းတစ်ရပ် ရေးဆွဲပြီး တင်ပြလိုပါတယ် ခင်ဗျာ။

၇။ ယခုအချိန်တွင် ဆေးအိတ်ဈေးနှုန်းများ ကြီးမြင့်ပြီး လယ်ယာမြေများ ပျက်စီးလာသဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းအတွင်း သဘာဝမြေဩဇာစက်ရုံ

များ၊ အဏုဇီဝမြေဩဇာစက်ရုံများ တည်ထောင်နိုင်ရန် လုပ်ငန်းရှင်များကို ပံ့ပိုးကူညီပေးစေလိုပါတယ်။

၈။ နောက်ဆုံးအနေဖြင့် တင်ပြလိုတာက ကျွန်တော်တို့ ARCCI အသင်းချုပ်မှ လယ်ယာကဏ္ဍကြီး တစ်ခုလုံးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိဆန်စက်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ကုန်သည်များစုပေါင်း Share များထည့်ဝင်ပြီး ၂၀၀၉ ခုနှစ်မှစ၍ ဧရာပုသိမ် ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို တည်ထောင်ပြီး (၁) လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်း (၂) ကန်ထရိုက် ဖမ်းမင်းလုပ်ငန်း (၃) မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း (၄) ဆန်စက် လုပ်ငန်းများနှင့်ဆန်စပါး ကြိတ်ခွဲရောင်းချခြင်းလုပ်ငန်း (၅) စက်ယန္တရားဝန်ဆောင်မှုလုပ်ငန်း (၆) ဧရာပုသိမ်အဏုဇီဝ မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း (၇) အသေးစားချေးငွေလုပ်ငန်းစသည့် လုပ်ငန်းများအား တောင်သူလယ်သမားများကို ယခုထိတိုင် ပံ့ပိုးဆောင်ရွက်ကူညီလျက်ရှိနေပြီး ၂၀၁၇-၂၀၁၈အထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သော်လည်း Crisics ကာလများမှ ယခု တိုင်အောင် ရင်းနှီးမြှုပ်နှံမှုများအား စဉ်ဆက်မပြတ် ကူညီပံ့ပိုးနိုင်ရန်အတွက် အတိုးနှုန်းသက်သာသော ချေးငွေ စီစဉ်ပေးနိုင်ပါက အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြလို ပါတယ်။

**ဦးမင်းကျော်ဦး (ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ချောင်းသာဇုန်) ဥက္ကဋ္ဌ**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တကွတက်ရောက်လာသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကတော့ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ချောင်းသာဇုန်) ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင် ဦးမင်းကျော်ဦး ဖြစ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာခရီးသွားလာရေးလုပ်ငန်းကော်မတီမှ လုပ်ငန်းလိုင်စင် ခွင့်ပြုထားသော ဟိုတယ်၊ တည်းခိုရိပ်သာ (၁၂၄)လုံး၊ အခန်းပေါင်း (၄၉၇၄) ခန်းရှိပါကြောင်း၊ ကျွန်တော်တို့ ချောင်းသာကမ်းခြေဒေသတွင် ဟိုတယ်၊ တည်းခိုရိပ်သာ (၃၃)လုံး ရှိပါကြောင်း၊ ရွှေသောင်ယံ ကမ်းခြေဒေသတွင် ဟိုတယ်၊ တည်းခိုရိပ်သာ (၇)လုံး ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ တည်းခိုရိပ်သာများတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် တည်းခိုမှုမှာ (၈၂၅၅၄၆) ဦး ရှိပါကြောင်း၊ ကျွန်တော်တို့ ချောင်းသာကမ်းခြေ ဒေသတွင်လည်း ၂၀၂၂ ခုနှစ်၊

ဇန်နဝါရီလမှဒီဇင်ဘာလအထိတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် တည်းခိုမှုမှာ (၃၄၇၃၃၁) ဦးရှိပါကြောင်း၊ တိုင်းဒေသကြီး ဟိုတယ်ခရီးသွားလာရေး ဝန်ကြီးဌာနမှ စာရင်းဇယားအရ သိရှိရပါတယ်။

၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ဟိုတယ်၊ တည်းခိုရိပ်သာ တည်ဆောက်ခွင့်နှင့် လုပ်ငန်းလိုင်စင်များ စီစဉ်ခွင့်ပြုထားပေးမှုများကြောင့် ခရီးသွားဧည့်သည်တွေအတွက် ရွေးချယ်စရာ ပိုမိုများပြားလာခဲ့ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေဖြင့်လည်း ခရီးစဉ်သစ်များကို ဖော်ဆောင်ပေးလျက်ရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီးသို့ ခရီးသွားများ ပိုမိုစိတ်ဝင်စား လည်ပတ်လျက်ရှိပါတယ်။

၄။ ယခုလို တိုးတက်များပြားလာသည့် ခရီးသွားများအတွက် ခရီးလမ်းပန်းချောမွေ့ပြီး အန္တရာယ်ကင်းမဲ့စွာဖြင့် အမြန်ဆုံးရောက်ရှိလိုကြပါတယ်။ ဒီအတွက် ရန်ကုန်မှ ပုသိမ်သို့ လာရောက် သော ကားလမ်းခရီးစဉ်နှင့် ခရီးစဉ်ဒေသများသို့ သွားရောက်သည့်လမ်းများ ပိုမိုပြေပြစ်ချောမွေ့ စေရေးအတွက် လမ်းများတိုးချဲ့ခြင်း၊ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ဖို့ အတွက် လိုအပ်သည့်နေရာများအား ပြုပြင်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။ COVID ကာလ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့်အတွက် ဟိုတယ်၊ တည်းခိုရိပ်သာများနှင့် ဆက်စပ်လျက်ရှိသော စားသောက်ဆိုင်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ၊ ဒေသထွက် ပစ္စည်းရောင်းချခြင်း လုပ်ငန်းများ များစွာဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြပါသည်။ ထိုကာလအတွင်း ဟိုတယ်၊ တည်းခိုခန်းများအနေဖြင့် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ထောက်ပံ့ကြေးလစာများ၊ ဆန်၊ ဆီ၊ ဆား ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြရပါတယ်။ COVID ကုစားရေးကော်မတီမှ ချေးငွေများရယူပြီး ဝန်ထမ်းများအတွက် လစာများထောက်ပံ့ခဲ့ရပါတယ်။

၅။ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သတ်မှတ်ချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၁ ခုနှစ် မတ်လတွင် ပြန်လည်ဖွင့်လှစ် ခွင့်ပြုခဲ့သည့် အချိန်မှစ၍ ခရီးသွားလာမှု လုပ်ငန်းများ ပြန်လည်တိုးတက် များပြားလာခဲ့ပါတယ်။ ဒေသရှိ ဟိုတယ်များ အနေဖြင့် ဒေသအတွင်းမှ လူ့စွမ်းအားအရင်းအမြစ်များကို အသုံးချရန် လုပ်ကိုင်ခဲ့သည့် လုပ်ငန်းဖြစ်သဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဒေသခံများ၏ စားဝတ်နေရေးနှင့် လူမှုစီးပွား

ရေးဘဝကို ကြီးစွာအထောက်အပံ့ပေးခဲ့ ကြပါတယ်။ ဟိုတယ်၊ တည်းခိုခန်းများအနေဖြင့် ဒေသထွက်ကုန် ဆန်၊ ဆီ၊ ရေထွက်ကုန် ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ထွက်ကုန်များကို အများဆုံး အသုံးပြုလျက် ရှိပါတယ်။ ထို့ပြင် ပြည်တွင်းရှိ အခြားဒေသများမှ ထွက်ရှိသော အရည်အသွေးမီသည့် စားသောက်ကုန်များ၊ ချည်ထည်များ၊ အသုံးအဆောင် ပစ္စည်းများကိုလည်း မှာယူသုံးစွဲလျက် ရှိသည့်အတွက် MSME ဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိပါတယ်။ ကမ်းခြေ သန့်ရှင်း သာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဟိုတယ် လုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဦးကျော်သူရ(စွယ်စုံပီလောပီနံကော်မှုန့်ထုတ်လုပ်ရေးလုပ်ငန်း၊စွယ်စုံပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၊စွယ်စုံသဘာဝမြေဩဇာထုတ်လုပ်ရေးလုပ်ငန်း)ဥက္ကဌ**

၁။ ကျွန်တော်ကတော့ စွယ်စုံစိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းပိုင်ရှင် ဦးကျော်သူရ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်း ချသူများအသင်း ဥက္ကဌ အဖြစ်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပီလောပီနံသီးနှံအား နိုင်ငံတကာ အဆင့်မီစိုက်ပျိုးပြီး (Native Cassava Starch) သဘာဝပီလောပီနံကော်မှုန့် (Cassava Chip) ပီလောပီနံ အခြောက်နှင့် စွန့်ပစ်ပစ္စည်းများကို အခြေခံ၍ သဘာဝမြေဩဇာ ထုတ်လုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ပီလောပီနံသီးနှံ (Cassava/Tapioca) သည် အရှေ့တောင်အာရှ အထူးသဖြင့် မဲခေါင်ဒေသ နိုင်ငံအများစုအား US ဒေါ်လာ ဘီလီယံနှင့်ချီ၍ ဝင်ငွေရှာဖွေပေးနိုင်သည့် သီးနှံ ဖြစ်ပြီးဈေးကွက် အလားအလာ အလွန်ကောင်းသော သီးနှံဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံတွင်လည်း အနာဂါတ်တွင် တိုင်းပြည်ဝင်ငွေ တိုးတက်ရှာဖွေပေးနိုင်သော သီးနှံဖြစ်ပေါ်လာစေရန် ကြိုးစား ဆောင်ရွက် နေသော လုပ်ငန်းဖြစ်ပါတယ်။ ယခုလက်ရှိအချိန်ထိ ဆောင်ရွက်ပြီးမြောက်ခဲ့သော မှတ်တမ်း များ အနေဖြင့် တင်ပြရလျှင်- (၁)နိုင်ငံတကာမှ အထွက်ကောင်းမျိုးများအား မြန်မာနိုင်ငံသို့ တင်သွင်းပေးခဲ့ခြင်း (၂)နိုင်ငံတကာမှ ပီလောပီနံနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း (ဥပမာ-တရုတ်နိုင်ငံ Guaungxi Research Institute, တရုတ်နိုင်ငံ (ATAS University CIAT) စသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ မြန်မာ နိုင်ငံ၏ ပျမ်းမျှတစ်ဧက

(၃၀၀၀) ပိဿာမှ (၁၀၀၀၀) ပိဿာထိ ရရှိလာအောင် ဆောင်ရွက်ခဲ့ခြင်း (၃)ယခု လက်ရှိတွင်လည်း မဲခေါင်ဒေသ (၅) နိုင်ငံ၏ ပီလောပီနံ နည်းပညာနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် (Country Co-ordinator) အဖြစ် ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ပီလောပီနံ ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်ခင်ဗျာ။

၂။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး စွန့်ဦးတီထွင်လုပ်ငန်းရှင် (Agri preneurs)များကို မြေတောင်မြှောက်ပြီး တိုင်းပြည်စီးပွားရေး တိုးတက်ရေးအတွက် အားကိုးရသော မောင်းနှင်အားတစ်ခု ဖြစ်ပေါ်စေရန်အတွက် **"စိုက်ပျိုးရေးစွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးရေးစီမံ ချက်** (Agricultural Entrepreneurship Develop- ment Program)" **တစ်ရပ်အား ပံ့ပိုးကူညီ ဆောင်ရွက်ပေးပါရန်**နှင့် နိုင်ငံတော်မှလည်း နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော စီမံကိန်းအဖြစ် ဖော်ဆောင်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

**ဒေါ်မီမီကျော် (ငွေကျားဆီစက်)ဆီစက်လုပ်ငန်းရှင်**

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လူကြီးမင်းများ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာလူကြီးမင်းများအားလုံးကို မင်္ဂလာပါဟု ဦးစွာပဏာမနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေကျားဆီစက်မှ ဒေါ်မီမီကျော် ဖြစ်ပါတယ်ရှင်။

၂။ ဧရာဝတီတိုင်းဆိုသည်မှာ သဘာဝကပေးထားသော ရေအာဟာရ၊မြေအာဟာရ အလွန်ကြွယ်ဝသော တိုင်းဒေသကြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး သိရှိပြီး ဖြစ်ပါတယ်ရှင် ထို့ကြောင့် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းသည့် ဧရာဝတီတိုင်းဒေသကြီးကို မြန်မာပြည်ကြီး၏ စပါးကျီကြီးဟုပင် တင်စားခေါ်ဝေါ် ခံခဲ့ရခြင်းလည်း ဖြစ်ပါတယ်ရှင်။ ဒါ့အပြင် ဟိုးအရင်နှစ်များစွာက ဧရာဝတီတိုင်းအတွင်းမှာ ဆီစက်များလည်း များစွာ ရှိခဲ့ပါတယ်ရှင်။ မြေပဲ၊ နေကြာ၊ နှမ်း များကို လည်း စိုက်ပျိုး၍ ဆီကြိတ်စက်ကြီးများစွာ မှလည်း ကြိတ်ခွဲထုတ်လုပ်ခဲ့ပြီး ဧရာဝတီသည် တစ် ခေတ်တစ်ခါက လွန်စွာစားနပ်ရိက္ခာ ကြွယ်ဝခဲ့ပါတယ်ရှင်။

၃။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင်နှင့် ကျုံပျော်ခရိုင် တွင် ဆီစက် (၄၀) လုံး၊ ဟင်္သာတခရိုင် နှင့် မြန်အောင်ခရိုင်တွင် ဆီစက် (၇၅) လုံး၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တွင် ဆီစက် (၁၈)လုံး ၊ မအူပင် ခရိုင် တွင် ဆီစက် (၂၆)လုံး၊ ဖျာပုံခရိုင်တွင် ဆီစက် (၁)လုံး၊ စုစုပေါင်း ဆီစက် (၁၆၀) လုံးရှိပြီး ဆီစက်သီးနှံ ကုန်ကြမ်းများ ပေါများလာပါက ကောင်းစွာ ထုတ်လုပ်ဆောင်ရွက် နိုင်ကြမှာဖြစ်ပါတယ်။

၄။ ယခုအခါမှာတော့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆီစက်များမှာ လည်ပတ် ထုတ်လုပ်နိုင်မှု နည်းပါးသွားရခြင်း အကြောင်းမှာ ဆီထုတ်လုပ်သည့် ကုန်ကြမ်းများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများ၏ စိုက်ဧက နှင့်ထွက်ကုန်များ နည်းပါးလာရခြင်းကြောင့် လည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီများ ပေါများလာခြင်းကြောင့် လည်းကောင်း၊ ဆီစက်ကဏ္ဍဖွံ့ဖြိုးမှု ခေတ်နောက်ကျရခြင်း တို့ကြောင့်လည်း ဖြစ်ပါတယ်ရှင်။

၅။ ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေးအတွက် စီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိသည့်အခါ ကျွန်မတို့ငွေကျား ဆီစက်နှင့် ဆီစက်လုပ်ငန်းရှင်များ အားလုံးတို့ကလည်း ဝမ်းမြောက်လျက် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ် ရှင်။ကျွန်မတို့ ငွေကျားဆီစက်မှ ဆီနေကြာစိုက်ပျိုးမည့် တောင်သူများအား အထွက်နှုန်း ကောင်းသည့် ဆီနေကြာမျိုးများကို ထုတ်ပေးပြီး နေကြာပြန်လည်ထွက်ရှိသည့်အချိန်၌ ထွက်ရှိလာသော ဆီနေကြာများကို ကာလပေါက်ဈေးအတိုင်း အလေးချိန်အတိအကျ မှန်ကန်စွာဖြင့် ပြန်လည်ဝယ်ယူပေး မည်ဟူသော Contract Farming စနစ် ဖြင့် တောင်သူ များနှင့် ကျွန်မတို့ဆီစက်မှ သဘောတူညီထားပြီးလည်း ဖြစ်ပါတယ်ရှင်။

၆။ သို့မှသာ တောင်သူများလည်း အကျိုးစီးပွားဖြစ်ထွန်း၍ ကျွန်မတို့ ဆီစက်များမှာလည်း လုပ်ငန်းများ အဆင်ပြေလည်ပတ်နိုင်မည် ဖြစ်ပါတယ်ရှင်။ ကျွန်မတို့တိုင်းဒေသကြီး အတွင်းမှာ ဆီနေကြာများ ထွက်ရှိလာချိန်၌ လုံလောက်အောင်ကြိတ်ခွဲထုတ်လုပ်နိုင်သည့် ဆီစက်များ မရှိပါလျှင်လည်း မိမိတိုင်းဒေသကြီးမှစိုက်သော နေကြာများသည် လုံလောက်စွာ ကြိတ်ခွဲ နိုင်သော ဆီစက်များရှိရာဒေသသို့ ရောက်ရှိသွားပါလိမ့်မည်။ ထိုသို့သော အခြေအနေများ မဖြစ်ရလေအောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆီစက်များအား လက်ရှိလည်ပတ် ဆောင်ရွက်နေသော အနေအထားမှ ခေတ်မီတိုးတက်သော ဆီစက်ကြီးများဖြစ်သည့် အနေ အထားသို့ အဆင့်မြှင့်တင်ကြရမည် ဖြစ်ပါတယ်ရှင်။

၇။ ကျွန်မတို့ဆီစက်လုပ်ငန်းရှင်များအနေနှင့်ခေတ်မီစက်ယူနစ်ပစ္စည်းများတိုးချဲ့ တပ်ဆင်ခြင်း၊ အဆင့်မြင့်သောဆီစက်ရုံများတည်ဆောက်ခြင်း ကိစ္စရပ်များကိုလည်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တာဝန်ရှိသူများထံတွင် တင်ပြထားပြီးနိုင်ငံတော်မှလည်း အားပေးကူညီပံ့ပိုးပေးမည်ဟု သိရှိရသည့်အတွက်လည်း အထူးပင် ဝမ်းသာပီတိ ဖြစ်မိပါတယ်ရှင်။

၈။ ယခုလူကြီးမင်းများကြွရောက်လာကြစဉ် စားသုံးဆီဖူလုံရေးကဏ္ဍများကို မိမိတို့ဆောင်ရွက်ထားမှုများအား တင်ပြခွင့်ရသည့်အတွက် ကျေးဇူးများလည်းတင်ရှိပြီး ဝမ်းလည်းဝမ်းသာမိပါတယ်ရှင်။

၉။ ဧရာဝတီတိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံရေး၊ ဆီစက်များ အဆင့်မြှင့်တင်ရေး၊ ဆီစက်လုပ်ငန်းများ အသစ်တည်ဆောက် ဖြစ်ပေါ်လာနိုင်ရေးတို့အတွက် ကျွန်မတို့ဘက်မှ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြရင်းနှင့် နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဦးအောင်ကျော်မင်း(မအူပင်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ)**

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်ကြီးနှင့်တကွ ကြွရောက်လာကြသော လူကြီးမင်းများအား လုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျာ။

၂။ ကျွန်တော်ကတော့ မအူပင်စက်မှုဇုန်ရဲ့ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မအူပင်မှာ ရေနံမြေရှိပါတယ်။ ထွက်ရှိတဲ့ သဘာဝဓာတ်ငွေ့ များကို ပိုက်လိုင်းများနဲ့ အခြားဒေသများကို တင်ပို့ပါတယ်။ အခါအခွင့်သင့်မယ်ဆိုရင် မအူပင်ဒေသမှာ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု စဉ်းစားပေးစေလိုပါ တယ်။ ဒုတိယတစ်ခု အနေနဲ့ကတော့ ကျွန်တော်တို့ MSME လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲအနေနဲ့ အားပေးချီးမြှောက်ခြင်းဟာ ပြည့်ဝမ်းကိုပြည့်စေတဲ့ ကိစ္စဖြစ်တဲ့အတွက် ကျေးဇူးအထူးပဲ တင်ရှိပါတယ်။ MSME နဲ့ပတ်သက်တဲ့ ဌာနကိုလည်း စားသုံးသူရေးရာ ဌာနလိုမျိုးမြို့နယ်အဆင့်အထိရရှိအောင် မြို့နယ်ရုံးခွဲများ တိုးချဲ့ဖွဲ့စည်းပေးပါက ညှိနှိုင်းပေါင်းစပ်လုပ်ဆောင်ရ ပိုမိုလွယ်ကူပြီး ပို၍မြန်မြန်ဆန်ဆန်နဲ့ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယူဆတဲ့အတွက် ထည့်သွင်းစဉ်းစားပေးဖို့ မေတ္တာရပ်ခံ လိုပါတယ်ခင်ဗျာ။ ယခုလို တင်ပြခွင့်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**ဦးဝင်းနိုင် (SEA & LAKE Co;Ltd) မန်နေးဂျင်းဒါရိုက်တာ**

၁။ ကြွရောက်လာကြသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသူ/ သားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်ခင်ဗျာ။

၂။ ကျွန်တော်ကတော့ SEA & LAKE Co;Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင် ဖြစ်ပါတယ် ခင်ဗျာ။ SEA & LAKE ဉယျာဉ်သည် ချောင်းသာမြို့၏မြောက်ဘက် (၅)မိုင်အကွာ ပင်လယ်ဘေးတွင် တည်ရှိပြီး ဧက(၃၀၀)ခန့် ကျယ်ဝန်းပါတယ်ခင်ဗျာ။

၃။ SEA & LAKE ဉယျာဉ်တည်ဆောက်လုပ်ကိုင်နေသည်မှာ (၁၀)နှစ်ခန့်ကြာမြင့်ပြီး (၂၀၂၂)ခုနှစ်၊ (၃)လပိုင်းတွင် စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်ခင်ဗျာ။ SEA & LAKE ဉယျာဉ်တွင် သစ်ပင်၊ ပန်းပင်များ၊ ကလေးကစားကွင်းများ၊ အရွယ်မရွေးကစားနိုင်သည့် စိတ်လှုပ်ရှားဖွယ်ရာ ကြိုးတန်းစီးခြင်း၊ တောင်တက်ခြင်း၊ အမြင့်ခုန်ခြင်းများ၊ ကျန်းမာရေးကောင်းစေရန် စက်ဘီးစီးလမ်းများ၊ ဒီရေပင်များကို လေ့လာနိုင်ရန် ဒီရေတောတံတားနှင့် သစ်ပန်းပုပြတိုက်၊ ကျောက်စိမ်းပြတိုက်များ ဖွင့်လှစ်ထားရှိပါသည် ခင်ဗျာ။

၄။ SEA & LAKE ဉယျာဉ်၏ ရည်ရွယ်ချက်မှာ ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်ရန် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်ပြီး နိုင်ငံတော်ဝင်ငွေ တိုးတက်စေရန် ဒေသတွင်းပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များရန် ရည်ရွယ်ပါသည်။

၅။ SEA & LAKE ဉယျာဉ်သည် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရန် အထက်တန်း-အလယ်တန်း-မူလတန်း စာသင်ကျောင်းဆောင် (၃)ဆောင် နှင့် ချောင်းသာမြို့၏ မြောက်ဖက် မြေသားလမ်းချဲ့ခြင်း၊ ကွန်ကရစ်လမ်းများ လှူဒါန်းခြင်းနှင့် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက် လှူဒါန်းရေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ စက်ဘီး ပြိုင်ပွဲများ၊ လွတ်လပ်ရေးနေ့ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ဆိုကရေးတီးအဖွဲ့များလည်း လာရောက် လည်ပတ်လေ့လာ ကြပါတယ်ခင်ဗျာ။ တနင်္လာမှ သောကြာအထိ (၁)ရက်လျှင် ဧည့်သည် (၃၀၀) ယောက်၊ စနေ၊ တနင်္ဂနွေနေ့မှာ(၁၀၀၀)ယောက်ခန့် လာရောက် လည်ပတ်ကြပါတယ် ခင်ဗျာ။

၆။ နိုင်ငံတော်မှ ဆက်သွယ်ရေးဖုန်းလိုင်းများ၊ ကွန်ကရစ်လမ်းမများ ခင်းပေးပါလျှင် ဟိုတယ်အလုံး(၅၀)ခန့် ပေါ်ထွန်းလာပြီး တိုင်းပြည်ဝင်ငွေ တိုးတက်လာမှာ ဖြစ်ပါတယ် ခင်ဗျာ။

၇။ နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ကို အသနားခံတင်ပြလိုတာကတော့ ချောင်းသာမြို့နှင့် (၅)မိုင်အကွာ SEA & LAKE ဟိုတယ်ဇုန်ထဲတွင် ကွန်ကရစ်လမ်းလွဲများ ဖောက်လုပ်လှူဒါန်းထားပြီး ခရီးသွားပြည်သူများ အသုံးပြုနေသည်မှာ (၃)နှစ်ခန့်ရှိပြီး ဖြစ်ပါတယ်ခင်ဗျာ။ မျက်နှာစာတွင် မူလမြေသားလမ်းဟောင်းတည်ရှိသဖြင့် ဟိုတယ်များ ဆောက်လုပ်ရေးတွင် ကြန့်ကြာနှောင့်နှေးနေပါသဖြင့် နိုင်ငံတော် ဥက္ကဋ္ဌကြီးမှ စိစစ်လမ်းညွှန် ပေးပါရန် အနူးအညွတ်တင်ပြအပ်ပါတယ် ခင်ဗျာ။

## လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းချက်များအပေါ် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးချက်များ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း

၁။ ဒီနေ့ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းအနားမှာ တင်ပြသွားချက်အထဲမှကျွန်တော့်ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဆိပ်ကမ်း အဆင့်မြှင့်တင်ဖို့နှင့် လေယာဉ်ကွင်းများအဆင့်မြှင့်တင်ရေးနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြ သွားမှာ ဖြစ်ပါတယ်။ ဆိပ်ကမ်းကတော့ လက်ရှိပုသိမ်ဆိပ်ကမ်းမှာ ဟိုင်းကြီးဝမှ ပမ္မဝတီဝထိ (၇၅)မိုင်လောက်ရှိပြီးတော့မှ ပမ္မဝတီဝမှ ပုသိမ်ထိ (၂၅)မိုင်ခန့် ရှိပါတယ်။ဒီလမ်းကို (၁၅) ရာစုလောက်ကတည်းက နိုင်ငံခြားသားများ စတင်အသုံးပြုခဲ့ကြပြီး လက်ရှိအချိန်ထိလည်း အသုံးပြုကြပါတယ်။ ဆိပ်ကမ်းအနေ အထားအရ တင်ပြသွားတာမှာ ပုသိမ်စက်မှု ဆိပ်ကမ်းနှင့် ပတ်သတ်၍ လက်ရှိ တည်ဆောက်ထားတဲ့ဆိပ်ကမ်းကို တန်ချိန်(၃၀၀၀)ခန့်နှင့် ရေစူး (၄.၃) မှ (၄.၅)မီတာ ရှိတဲ့ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နိုင်တဲ့ လုံလောက်တဲ့ ရေအနက်ရှိပါတယ်။ ပုသိမ် ဆိပ်ကမ်းကို အများဆုံးဝင်ရောက်ဘူးတဲ့ အနေအထားက ရေစူး (၅.၅)မီတာ လောက် ရှိတဲ့ ရေယာဉ်များနဲ့ တန်ချိန်(၅၀၀၀)ထိ ဝင်ရောက်ထားတဲ့ Record ရှိပါတယ်။ ရေယာဉ်အလျား (၁၄၂)မီတာလောက်ထိ အများဆုံးဝင်ရောက်ခဲ့သည့် မှတ်တမ်း များအရ သိရှိရပါတယ်။ လက်ရှိအနေအထားမှာ ရေယာဉ်အလျား (၁၃၀)လောက်ထိဘဲ အများဆုံးဝင်ရောက်နိုင်ပြီ စက်မှုဆိပ်ကမ်းမှာကပ်နိုင်တဲ့အနေအထားက (၄.၃)မီတာ လောက်ဘဲရှိပါတယ်။ ဆိပ်ကမ်းအဆင့်မြှင့်တင်တဲ့အခါမှာ ရေယာဉ်ကြီးတွေဝင်နိုင်ဖို့နှင့် ရေစူးများများရှိတဲ့ ရေယာဉ်တွေ ၊ အလျားရှည်တဲ့ရေယာဉ်တွေ ဝင်နိုင်ဖို့ ကန့်သတ်ချက် တစ်ခုက ပုသိမ်ပမ္မဝတီအဝမှ ပုသိမ်အထိက အကွေ့အကောက်တော်တော်များတယ်။ အများ ဆုံးဝင်ထားတာ (၁၄၂)မီတာရှိပေမဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က Port ကို တိုင်းတာပြီး လုပ်ထားတာက (၁၃၀)မီတာလောက်ဘဲရှိပါတယ်။ အရှည်(၁၃၀)မီတာနဲ့ ရေစူး (၅)မီတာ တင်နိုင်တဲ့ အနေအထားလောက်ဘဲ အဆင့်မြှင့်နိုင်မယ်။ စက်မှု ဆိပ်ကမ်းက လက်ရှိအနေ အထားမှာ ရေစူး (၄.၃)မီတာနဲ့ တန်ချိန် (၃၀၀၀)လောက် သာဝင်နိုင်မယ်ဆိုတဲ့အတွက်

အခုနက လုပ်ငန်းရှင်တင်ပြသွားတဲ့ ဘင်္ဂလားဒေ့(ရှ်)ကို G to G ဆန်တင်ပို့တဲ့အခါမှာ တန်ချိန် (၃၀၀၀၀) ၂၉၀၇၅ မက်ထရစ်တန် တင်သွားတယ်လို့ တင်ပြသွားတာရှိပါတယ်။ ယခင်တုန်းက ဝင်ခဲ့ဖူးတယ် ဆိုတာကလည်း ရေယာဉ်ငယ်များသာ ဝင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း စဉ်းစားတဲ့အခါမှာ မြစ်ကြောင်းရဲ့ အနေအထားအရ အများဆုံးဝင်နိုင်တဲ့ အနေအထားလောက်ကိုဘဲ စဉ်းစားဖို့သင့်တယ်လို့ ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။

၂။ လက်ရှိအနေအထားမှာ ရေအနက်ပိုမိုရရှိအောင် သောင်တူးခြင်း၊ မြစ်ကြောင်းဖြောင့်ဖြူးအောင်လုပ်ခြင်းစတာတွေကို ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကနေ ဆောင်ရွက်လို့ရပါတယ်။ အလားတူမြစ်ချောင်းတွေ ထိန်းသိမ်းဖို့အတွက် ကမ်းပြို ကမ်းထိန်းကိစ္စတွေကိုလည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ခဲ့တာတွေက ၂၀၂၂-၂၀၂၃ မှာ ကမ်းပြို ကမ်းထိမ်း (၁၉)ခုလောက် ဆောင်ရွက်ပေးခဲ့တာ ရှိပါတယ်။ ဆောင်ရွက်ပေးခဲ့လို့ စိုက်ပျိုးဧက (၆၁၆၅)ဧက၊ လူနေအိမ် (၁၄၉၀၀)၊ လူဦးရေ(၅၃၀၀၀)ကျော်၊ သာသနိကအဆောက်အဦ (၃၆)လုံးကို ကမ်းပြိုကမ်းထိမ်းကာကွယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆိပ်ကမ်းအဆင့်မြှင့်တင် တဲ့အခါမှာ ထည့်သွင်းစဉ်းစားနိုင်ဖို့ လက်ရှိပုသိမ်မြစ်အခြေအနေကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

၃။ နောက်တစ်ခုက လုပ်ငန်းရှင်တစ်ယောက်တင်ပြသွားတဲ့ ပုသိမ်လေယာဉ် ကွင်းအဆင့်မြှင့်တင်ခြင်းနဲ့ပတ်သတ်ပြီး တင်ပြသွားတာရှိပါတယ်။ ပုသိမ်မှ (၉.၂)မီတာ လောက်မှာ ပင်လယ်ရေမျက်နှာပြင်အထက် (၁၃)ပေလောက်ရှိပါတယ်။ လက်ရှိ လေယာဉ်ပြေးလမ်းက (၉၃၀၀)ပေနဲ့ အကျယ်(၂၀၀)ပေရှိပြီး လေယာဉ်ပြေးလမ်း အမျိုးအစားက ကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဆင်းသက်နိုင်တဲ့လေယာဉ်က လက်ရှိ အနေအထားမှာ ATR-72, MBR-190, Boeing 737 400 နဲ့ Airbus A300 B4 စတဲ့လေယာဉ်တွေ ဆင်းသက်နိုင်ပါတယ်။ တကယ်လို့ ချဲ့မယ်ဆိုရင် အများဆုံးစစ်ဆေး တိုင်းထွာထားတဲ့ အနေအထားအရ ပေ(၁၀၀၀၀)လောက်ထိ ချဲ့လို့ရပါတယ်။ နိုင်ငံတော် ဝန်ကြီးချုပ် လမ်းညွှန်မှုအရ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေသအာဏာပိုင်များ တွေ့ဆုံဆွေးနွေးပြီးတဲ့အခါ ဒါကိုဆက်လက် ဆောင်ရွက်သင့်သလား၊ ပြန်လည်တင်ပြပြီး ဝန်ကြီးချုပ်ကြီးရဲ့လမ်းညွှန်ချက်အရ ဆက်ပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အရန်လေယာဉ်ကွင်းအနေနဲ့ ငွေဆောင်နဲ့

ချောင်းသာကြားမှာ အရင်တုန်းက ၂၀၁၀၊ ၂၀၁၅ မှာ တိုင်းထွာခဲ့တာလေးရှိပါတယ်။ လက်ရှိအနေအထားအရ ပေ(၁၀၀၀၀) လောက်ကို ချဲ့မယ်ဆိုရင်တောင်မှ နေရာအနေအထားအရ တော်တော်လေး ကြပ်တည်းနေတဲ့ အနေအထားရှိပါတယ်။ တချို့ မြေသိမ်းဆည်းရေးတွေလည်း ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အခုလက်ရှိမှာ (၂၃၀)ကေ လောက်ရှိပြီး ၊ ပေ(၁၀၀၀၀) လောက်လေယာဉ်ကွင်းဖောက်လုပ်မယ်ဆိုရင် နောက်ထပ်ကေ (၁၃၀)(၁၀၀) ကျော်ကျော်လောက်ကို ထပ်ပြီး သိမ်းဆည်းရမယ့် အနေအထားမျိုး ရှိပါတယ်။ လူနေအိမ်တွေ၊ သာသနိကအဆောက်အဦတွေ ပါသွားနိုင်တဲ့ အနေအထားရှိသည့်အတွက် ဒါကိုအသေးစိတ် ဆွေးနွေးပြီးတော့မှ ပြန်လည်တင်ပြပြီး လမ်းညွှန်မှုခံယူပြီး ဆောင်ရွက်သင့်တာကို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာလည်း ပြောချင်ပါတယ်။

၄။ လက်ရှိ ပုသိမ်-ဟင်္သာတ-ကြံခင်း ရထားလမ်းကို ၂၀၂၂ခု (၉)လပိုင်းမှစ၍ ပြန်ပြီးတော့ ဖွင့်လှစ်ပေးနေပြီဖြစ်ပါတယ်။ ကုန်တင်ဆောင်ပြီး စာပို့ အမြန် စသည်ဖြင့် ရထားတွေလည်း ပြေးဆွဲနေပြီ ဖြစ်ပါတယ်။ ပြီးတော့ ရထားလမ်းတွေတိုးမြှင့်ပြီး ယခင်ပြေးဆွဲခဲ့တဲ့လမ်းတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အကြီးအကဲ လမ်းညွှန် ထားတဲ့အတွက် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ နောက် ၄/၅ လလောက်ဆိုရင် လက်ရှိအနေအထားထက် ပိုမိုဝေးကွာတဲ့ သရက်၊မင်းဘူးလောက်ထိ ပြေးဆွဲနိုင်ဖို့ လျာထားပြီး စီမံဆောင်ရွက်လျက် ရှိပါတယ်။ ရထားခက ကားခထက် (၃)ချိုး (၁)ချိုးလောက် သက်သာပါတယ်။ ကုန်တင်နှုန်းထားကလည်း ထက်ဝက်လောက် သက်သာတဲ့အတွက် တချို့ MSME နဲ့ပတ်သတ်ပြီး ထွက်လာတဲ့ ထွက်ကုန်တွေ၊ ကုန်ကြမ်းတွေပို့ဆောင်ခြင်းစတာတွေ လုပ်ငန်းတွေမှာ အသုံးပြုနိုင်ဖို့ နိုင်ငံတော် အကြီးအကဲအနေနဲ့ မကြာခဏ လမ်းညွှန်တာဖြစ်တဲ့အတွက် တစ်ဖက်က ရထားနဲ့ ပို့ဆောင်ရေးကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ပေးဖို့ တင်ပြလိုပါတယ်။ ကုန်ရထားအနေဖြင့် တွဲပေါင်း(၁၄၀၀)လောက် ရှိပါတယ်။ Container တွဲ (၂၀၀) လောက်ရှိပါတယ်။ အလားတူရေလမ်းကြောင်းအနေဖြင့် ပြည်တွင်းရေကြောင်း ပို့ဆောင် ရေးမှာ စက်မဲ့၊ စက်ရှိ၊ တွဲယာဉ်များနှင့် တွဲဆွဲ ပြီးတော့မှ စက်ရှိဆိုရင် အစီး (၁၀၀)ကျော်၊ စက်မဲ့ဆို ၅၀/၆၀ လောက်ရှိပါတယ်။ စက်မှုလုပ်ငန်းရဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ထွက်ကုန်တွေ၊ ကုန်ချော၊ ကုန်ကြမ်းပို့ဆောင်ဖို့တွေကို မြစ်ကြောင်းမှ သယ်ယူပို့ဆောင်ဖို့အတွက် Resources တွေ ရှိတယ်ဆိုတာကို ထည့်သွင်းတင်ပြလိုပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုး တိုးတက်လာမယ်ဆိုရင် E-Payment နဲ့ Online Payment တွေနဲ့ပတ်သတ်ပြီး တွင်တွင် ကျယ်ကျယ်၊ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော့်ဝန်ကြီးဌာန ဆက်သွယ်ရေးအနေနဲ့ ကူညီဆောင်ရွက်ဖို့ အသင့်ရှိတယ်ဆိုတာကို ပြောလိုပါတယ်။ ပို့ဆောင်ဆက်သွယ်ရေး အနေနဲ့ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် Infrastructure တွေ၊ ပို့ဆောင်နိုင်တဲ့

Infrastructure တွေ အသင့်ရှိကြောင်းနဲ့ လိုအပ်လာရင်လည်း အချိန်မရွေး အသုံးပြုနိုင်အောင်အတွက် ဆောင်ရွက်ထားနိုင်တယ်ဆိုတဲ့ အနေအထားလေး ထည့်သွင်းတင်ပြရင်းနဲ့ ကျွန်တော့်တင်ပြချက်ကို ဒီမှာပဲ နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**

၁။ ဒီနေ့ဆွေးနွေးသူ အများစုက ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သတ်တဲ့ ဆွေးနွေးမှုများ ဖြစ်ပါတယ်။ တောင်းဆိုတာ၊ ချေးငွေနဲ့ပတ်သတ်လို့ အကူအညီတောင်းခံတာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းအနေနဲ့ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၃၅၈၅ သန်းကျော်ရှိပြီးတော့ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုက ၉၃၅ ဘီလီယံ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်လို့အလွန်များပြားတဲ့ ရင်းနှီးမြှုပ်နှံမှုဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကလည်း ဧရာဝတီမှာ စိတ်ဝင်စားမှုနှုန်းကောင်းတာ ဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုအရေအတွက်(၄)ခုရှိပါတယ်။ (၂၃)သန်း လောက်ရှိပါတယ်။ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၁)ဘီလီယံ မပြည့်တပြည့်ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှာ (၁၇)ဘီလီယံ လောက်ရှိပြီးတော့ လျှပ်စစ်ဓာတ်အားကဏ္ဍမှာ (၂.၅) ဘီလီယံလောက်ရှိတယ်။ လျှပ်စစ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများရတဲ့အကြောင်းက ပထမက စပါးခွံနှင့် မြောင်းမြမှာလုပ်တဲ့ Gasifier ဖြစ်ပါတယ်။

၂။ ဒုတိယက နိုင်ငံတော် စီမံ အုပ်ချုပ်ရေး ကောင်စီအစိုးရ လက်ထက်မှာ အတည်ပြုပေးခဲ့တဲ့ မီးလင်းချိုင် ဖြစ်ပါတယ်။ (၂.၅)ဘီလီယံ ကျော် တန်ဖိုးရှိတဲ့ မီးလင်းချိုင် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ အထူးသဖြင့် ခရိုင် အနေဖြင့် ပြောရင် ပုသိမ်ခရိုင်ကအများဆုံး ဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ ၃.၃ ဘီလီယံ ခန့်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနေဖြင့် မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ၊ မအူပင်၊ ဟင်္သာတမှာရှိတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမရှိတာက ကျုံပျော်၊ မြန်အောင်ခရိုင်တို့ ဖြစ်ပါတယ်။ ပြည်တွင်းရင်းနှီး မြှုပ်နှံမှုအနေနဲ့ အများဆုံးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ့ရတာက မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍဖြစ်ပါတယ်။ ပြည်တွင်းရင်းနှီး မြှုပ်နှံမှုလုပ်ငန်း (၁၀)ခု ရှိပြီးတော့ (၂၇၅)ဘီလီယံ ကျပ်သန်းပေါင်း ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ အပိုင်း(၂)ပိုင်း ရှိပါတယ်။ နံပါတ်(၁)က ရင်းနှီးမြှုပ်နှံမှုကြောင့်

ဒေသရဲ့ ထုတ်ကုန် GRP (Gross Regional Product)၊ တစ်နိုင်ငံလုံးရဲ့ထုတ်ကုန် GDP ဒီဟာကိုလည်း ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လေလေ ထုတ်လုပ်မှု စွမ်းအား နှင့် ဖွံ့ဖြိုးနိုင်မှုအခြေအနေတိုးတက်မှု မြင့်မားလာ လေလေဖြစ်ပါတယ်။ ဒါ့ကြောင့် ရင်းနှီးမြှုပ်နှံမှုကို အဓိကထားဆောင်ရွက်လျှက် ရှိပါတယ်။ နိုင်ငံအနေနဲ့ အကျိုးအမြတ် မယူဘဲ နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပေးရတဲ့ Autonomous Investment လို့ခေါ်တဲ့ အလိုအလျောက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ သူတို့ကတော့ အမြတ်ရဖို့အတွက် ရည်ရွယ်တာ မဟုတ်ပါဘူး။ ဒေသန္တရဖွံ့ဖြိုးရေး၊ လုပ်ငန်းတွေ တိုးတက်ဖွံ့ဖြိုးရေး၊ မြို့/ရွာတွေဖွံ့ဖြိုးရေး၊ အားလုံး ကျေးလက်/မြို့ပြဒေသ မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှုပ်နှံမှုတွေ ဖြစ်ပြီးတော့မှ နိုင်ငံတော်အနေဖြင့်က ဘတ်ဂျက်နှစ် တစ်နှစ်ချင်း အစိုးရရင်းနှီးမြှုပ်နှံမှုက (၁၃၅)ဘီလီယံကျော် ရှိပါတယ်။ နှစ်(၂၀)ကျော် မြန်မာနိုင်ငံသားကုမ္ပဏီရင်းနှီးမြှုပ်နှံမှုက (၉၃၇)ဘီလီယံရှိပြီးတော့မှ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံပေးတာက အတိုးလုံးဝ မပါပါဘူး ။ အလိုအလျောက် ရင်းနှီးမြှုပ်နှံပေးရတဲ့ ရင်းနှီးမြှုပ်နှံမှုက (၁၃၅.၃၁၇)ဘီလီယံ ရှိပါကြောင်း ပြောကြားလို ပါတယ်။

၃။ ဒါကိုဘာကြောင့်တင်ပြရတာလဲဆိုတာက တကယ်တမ်း ဖွံ့ဖြိုးတိုးတက်မှုတွေ အရှိန်အဟုန်ရဖို့နဲ့ အရှိန်အဟုန်ကိုတိုးတက်ဖို့အတွက် နိုင်ငံတော် အနေဖြင့် အမြတ် အစွန်းကို ဘာမှမစဉ်းစားဘဲနဲ့ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံပေးရတဲ့ အလိုအလျောက် ရင်းနှီးမြှုပ်နှံမှု ကလည်း အထောက်အကူပေးနေတယ်ဆိုတာကို ပြောကြားချင်တာ ဖြစ်ပါတယ်။ နောက်ရင်းနှီးမြှုပ်နှံမှုတစ်ခုက Induce Investment လို့ခေါ်တဲ့ ဆွဲဆောင် ရင်းနှီးမြှုပ်နှံမှု ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေ၊ အတိုးပေးရတယ်၊ တဖက်ကလည်း အတိုးအမြတ်၊ အကျိုးအမြတ်ရတဲ့ ရင်းနှီးမြှုပ်နှံမှု အားလုံးဟာ Induce Investment တွေ ဖြစ်ပါတယ်။ Induce Investment တွေမှာဆိုရင်လည်း ဒီဒေသမှာဆိုရင် မွေးမြူရေးနှင့် ရေလုပ်ငန်း မှာ ရင်းနှီးမြှုပ်နှံထားတာက အများဆုံးဖြစ်ပြီး ၁၇၅.၄၈၈ ဘီလီယံ ရှိပါတယ်။ ဒုတိယ အများဆုံးကဏ္ဍကတော့ ဝန်ဆောင်မှုကဏ္ဍဖြစ်ပါတယ်။ ၁၇၃ ဘီလီယံကျော် ရှိပါတယ်။ တတိယအများဆုံးပြည်တွင်းရင်းနှီးမြှုပ်နှံမှုကတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးကဏ္ဍ ဖြစ်ပြီး ၁၅၈ ဘီလီယံ ရှိပါတယ်။ စတုတ္ထအများဆုံး ကတော့ စက်မှုတည်ဆောက်မှု၊ စက်မှုဇုန်တည်ဆောက်မှု (၂)ခုမှာ ၁၃၀ကျော် ဘီလီယံ ရှိပြီးတော့ ပဉ္စမအများဆုံးကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍမှာ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုက (၇၅) ဘီလီယံ

ကျော်ရှိပါတယ်။ ဒါ့ကြောင့် ဒီလုပ်ငန်းတွေဟာ ရောဝတီတိုင်းဒေသကြီးရဲ့ အခြေခံလုပ်ငန်းတွေဖြစ်ပါတယ်။ ဒီမှာ ဖွံ့ဖြိုးနိုင်မှုအများဆုံး လုပ်ငန်းတွေကတော့ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း နှင့် စက်မှု ကဏ္ဍတွေ ဖြစ်ပါတယ်။ စက်မှုကဏ္ဍတွေမှာဆိုရင် အထူးသဖြင့် စက်မှုနှင့်ပတ်သတ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၃၂)ခုရှိပြီးတော့ အဓိကအားဖြင့် CMP က(၂၅)ခုရှိပါတယ်။ အခြားစက်မှုလုပ်ငန်းက (ရ ) ခုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရှိပါတယ်။ အဲဒီအထဲမှာ တရုတ် CMP က (၁၄)ခုနဲ့ ဟောင်ကောင် CMP က (၆)ခု ရှိပြီးတော့ ဟောင်ကောင်နဲ့တရုတ် CMP စုစုပေါင်းအခု (၂၀)ရှိပါတယ်။ ကျန်တဲ့ မလေးရှား CMP ရှိပါတယ်။ ဂျပန် CMP ရှိပါတယ်။ ကိုရီးယား CMP ရှိပါတယ်။ UK CMP ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေသဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်လည်း ဆွဲဆောင်နိုင်ပြီးတော့ ဆွဲဆောင်မှုအတွက်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ဒေသရဲ့အခြေအနေကို သိရှိနားလည်ပြီး ဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ တွေ့ရပါတယ်။ ဒီလိုတွေတွေ့ရတဲ့အပြင် ဒီဒေသမှာ စံပြစက်မှုနဲ့ လယ်ယာနဲ့ပူးပေါင်းတဲ့လုပ်ငန်းတွေအများကြီးတွေ့ရပါတယ်။ ကျွန်တော်ရဲ့ ပါရဂူသုတေသနမှာလည်း ရောဝတီတိုင်းကို အဓိကလုပ်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ၁၉၉၈ မှာ သုတေသနဆင်းခဲ့ပါတယ်။ လယ်ယာနဲ့ စက်မှုပူးပေါင်းပြီးတော့ Agro Industrial Irregationကို စတွေ့ရတာက ရောဝတီတိုင်းဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသတစ်ခုရဲ့ဖွံ့ဖြိုးမှုမှာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုမှာ အဓိက အရေးကြီးဆုံးက Agro Industrial Irregation နဲ့ ဒီနေ့ခေတ်မှာ အထူးသဖြင့် အာရှနိုင်ငံတွေမှာ တကယ်ကို ထွန်းကားတဲ့ပုံစံတစ်ခုဖြစ်တဲ့ Agro Polital Development လယ်ယာတွေထဲမှာ မြို့ကြီးတွေ ပေါ်လာတာကို ရောဝတီတိုင်းမှာတွေ့နေရတာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အဓိကအားကိုးအားထားပြုနိုင်တဲ့ တိုင်းဒေသကြီးတစ်ခု အနေဖြင့် ရှိနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီ Agro Industrial Irregation ဒါမှမဟုတ် Agro Political Development လို့ခေါ်တဲ့ လယ်ယာမြို့တော်များ ဖန်တီးခြင်းဆိုတဲ့ အရှေ့တောင်အာရှမှာ အောင်မြင်ခဲ့တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ၊ မလေးရှားနိုင်ငံတွေမှာ သုံးခဲ့တဲ့ ပုံစံတွဟာ ရောဝတီတိုင်းမှာ စတင်ပေါ်ပေါက်ပြီးတော့ အရှိန်အဟုန်လည်း ရနေတဲ့အချိန်ကို တွေ့ပါတယ်။

၄။ နောက်တစ်ခါ နဝတ/နယက အစိုးရလက်ထက်မှာ အခက်အခဲရှိခဲ့တဲ့ သဘာဝ မြစ်ကြောင်းများရဲ့ အခက်အခဲတွေကို တံတားများတည်ဆောက်ပြီးတော့ ဆက်ပေး ခဲ့တယ်။

တံတားတည်ဆောက်တာတွေ အားလုံးက Autonomous Investment နိုင်ငံတော် အနေနဲ့ အမြတ်အစွန်းကို မမျှော်လင့်ဘဲနှင့်တည်ဆောက်ပေးခဲ့တာဖြစ်တယ်။ အဲ့လို တည်ဆောက်ပေးခဲ့တဲ့အတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့်အချိန်က အလွန် လျော့ကျပြီးဖြစ်တယ်။ ဒါကြောင့်လည်း မနေ့က ဦးဌေးမြင့်တို့ဆီမှာ ကြည့်မယ်ဆိုရင်လည်း ပန်းတနော်ကနေ ရန်ကုန်လှိုင်သာယာကို ပို့မယ်ဆိုရင် (၂)နာရီအတွင်းမှာ ရောက်ရှိနိုင်မည့် အခြေအနေရှိပါတယ်။ ဒီအတွက် နိုင်ငံတော်အပိုင်းက လမ်းပန်းဆက်သွယ် ရေးနဲ့ ပတ်သက်လို့ အခြေခံတည်ဆောက်ပေးပြီးသား ဖြစ်တဲ့အတွက် ဒီအခြေခံအပေါ်မှာ မူတည်ပြီးတော့ စီးပွားရေးပုံစံကို စနစ်တကျအကောင်အထည်ဖော်နိုင်တဲ့ အခြေအနေ အနေအထားလည်း ရှိပါတယ်။ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနအနေနဲ့ MIC ဟာ ရင်းနှီးမြှုပ်နှံမှုများကိုတိုးချဲ့ခြင်း၊ ရင်းနှီး မြှုပ်နှံမှုအသစ်များ ကိုခွင့်ပြုခြင်း၊ ရင်းနှီမြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်း၊ ရင်းနှီး မြှုပ်နှံမှုများ တိုးမြင့်စေခြင်းကို ပြည်တွင်းပြည်ပ ရင်းနှီမြှုပ်နှံသူများအတွက် ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ပေးလျက်ရှိတာဖြစ်တဲ့အတွက် ဒီနေ့အချိန်အခါမှာလည်း တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ လုပ်ပိုင် ခွင့်ထဲမှာလည်း နိုင်ငံခြားငွေ (၅)သန်းထိအောင် တိုင်းဒေသကြီးရဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်နိုင်တဲ့ အခြေအနေကို ခွင့်ပြုပြီးဖြစ်ပါတယ်။ မြန်မာငွေ (၅၀၀)ဘီလီယံ အထိလည်း ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အချိန်ကာလတိုတောင်းအောင်၊ ဆုံးဖြတ်ချက် မြန်ဆန်အောင်ဆိုပြီး ရင်းနှီးမြှုပ်နှံမှုတွေကို အာမခံပေးထားတာ ဖြစ်သည့်အတွက် ဒီအာမခံပေးထားပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အနေနဲ့လည်း ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က (၃)လတစ်ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (၃)လ တစ်ကြိမ် ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် (၃)လတစ်ကြိမ် တိုင်းမှာ ရင်းနှီးမြှုပ်နှံမှု ပမာဏက သိသိသာသာတိုးတက်လာတဲ့ အခြေအနေရှိပါတယ်။ ယခုနှစ်အတွင်းမှာလည်း သိသိသာသာမြင့်တက်မှုရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု အာမခံချက်ပေးနိုင်မှုနဲ့အတူ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကိုလည်း ဆက်လက်ပြီးဆောင်ရွက်ဖို့၊ ဒီနေ့မှာလည်း အများစုရဲ့ တင်ပြချက်ဟာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေကော၊ ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မှုတွေကော တင်ပြ ထားတာရှိပါတယ်။

၅။ ဒါကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စနစ်တကျနဲ့အောင်အောင်မြင်မြင်

ဆောင်ရွက်နိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေနဲ့ကော၊ နိုင်ငံတကာစီးပွား ဆက်သွယ်မှုအတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များရရှိရေးနှင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ တိုးတက်လာဖို့ ၊ နောက်တခါ နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဈေးကွက်များချဲ့ထွင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အပြည့်အဝ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဝန်ဆောင်မှု ဝန်ကြီးဌာနဖြစ်တဲ့အတွက်စက်မှုဇုန်များ၊ စက်မှုတိုးတက်မှုလုပ်ငန်းများ၊ တခြားရင်းနှီး မြှုပ်နှံမှုနဲ့ပတ်သက်လို့ ဧရာဝတီတိုင်းဟာ ရင်းနှီးမြှုပ်နှံသူများ မျက်စိကျပြီး သားဖြစ်ပါတယ်။ ရန်ကုန်တိုင်းဟာ တော်တော်ကြီး ကြပ်တည်းသွားပါပြီ။ ကြပ်တည်း သွားတာဖြစ်တဲ့အတွက် အပြင်ဘက်ကို ဖြတ်ထွက် လာရမည့် အခြေအနေရှိပါတယ်။ ဖြတ်ထွက်လာတဲ့အခြေအနေမှာ ဧရာဝတီတိုင်းဟာ နေရာအားဖြင့်လည်း ရှိနေသေးတယ်။ နောက်တစ်ခါ လယ်ယာကဏ္ဍ ထုတ်လုပ်မှုကလည်း အရှိန်အဟုန်နဲ့မြင့်တက် နေတာဖြစ်တဲ့အတွက် စက်မှုလယ်ယာ ပေါင်းစည်းမှု Agro Industrial Integration ရရှိပြီးသားဖြစ်ပါတယ်။ ဒီIntegration ကို ပိုပြီးခိုင်မာလာအောင် အလုပ်အကိုင်ပမာဏ ပိုပြီးခိုင်မာလာအောင် ဘာဖြစ်လို့လည်းဆိုတော့ လူဦးရေက အင်မတန်မှ ကြပ်တည်းတဲ့၊ ထူထပ်တဲ့၊ Density များတဲ့ ဧရာဝတီတိုင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းပြီးရင် ဒုတိယ Density အများဆုံးက ဧရာဝတီတိုင်းဖြစ်ပါတယ်။ ဒီ Density ကို ပိုပြီးတော့ လျှော့ချနိုင်ဖို့အတွက် အလုပ်အကိုင်ပေးနိုင်ဖို့အတွက်က ဧရာဝတီ တိုင်းအနေနဲ့ ဖြစ်ပေါ်လာတဲ့ လုပ်ငန်းတွေက အလုပ်အကိုင်ဖန်တီးပေးနိုင်သလို ဒီအလုပ်အကိုင်အခွင့် အလမ်းက စနစ်တကျနဲ့ ဆောင်ရွက် သွားမည့် နည်းလမ်းတွေအရ ဆိုလို့ရှိရင် လုပ်သားတွေ ကလည်း သူ့အရွယ်၊ သူ့လက်မှု ပညာနဲ့ သူ့အဆင့်နဲ့အဆင့် manual workers ကနေ Foreman, Administrator ဒီလိုမျိုး အဆင့်ဆင့်တက်သွားကြမှာဖြစ်တဲ့အတွက် လယ်ယာ ရော၊ စက်မှုရော၊ အလုပ်အကိုင် အခွင့်အလမ်းရော၊ ဖွံ့ဖြိုးတိုးတက်မှုရော အရှိန် အဟုန် ကောင်းနေတဲ့ တိုင်းဒေသကြီး ဖြစ်တဲ့အတွက် ဒီအရှိန်ကို စနစ်တကျထိန်းသိမ်း နိုင်ဖို့အတွက် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံ မှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန အနေနဲ့ အစွမ်းကုန် ကူညီဆောင်ရွက် ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်**

၁။ လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က တော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဝန်ကြီး ဦးမင်းနောင် ဖြစ်ပါတယ်။ MSME လုပ်ငန်းရှင်များနဲ့တွေ့ဆုံတဲ့အခမ်းအနားမှာ ဦးလူမော်မြင့်မောင်၊ ဦးဝင်းမြင့်လှိုင်၊ ဦးကျော်သူရတို့ တင်ပြသွားတဲ့ စိုက်ပျိုးရေးပိုင်းဆိုင်ရာ ကိစ္စရပ်တွေမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လမ်းညွှန်ဖြေရှင်း ပြောကြားထားပြီး ဖြစ်ပါတယ်။

၂။ အဲဒီထဲမှာတော့ ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ တင်ပြလိုတာကတော့ စိုက်ပျိုးရေးနဲ့ ပတ်သက်ရင် မြေပြုပြင်တဲ့လုပ်ငန်းတွေ ထို့အပြင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေမှာ နည်းပညာရရှိဖို့၊ မျိုးကောင်းမျိုးသန့်ရရှိဖို့၊ ရေရရှိဖို့နဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ ဧရာဝတီတိုင်းထဲမှာ တာဝန်ပေးအပ်ထားတဲ့ သက်ဆိုင်ရာ အဆင့်ဆင့်သော ဦးစီးဌာနများမှ တာဝန်ရှိတဲ့ ဝန်ထမ်းများ၊ ထို့အတူပဲ တိုင်းဒေသကြီးအစိုးရတို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အကူအညီတွေ တောင်းခံနိုင်ပါတယ်။ လုပ်ငန်းရှင်များကလည်း နည်းပညာချင်း ဖလှယ်နိုင်ပါတယ်။ ဖလှယ်ပြီးတော့ လုပ်ငန်းရှင်များရဲ့နည်းပညာဖလှယ်မှုအရ ကောင်းမွန်တဲ့အကြံဉာဏ်များနဲ့ နည်းစနစ်တွေကို ရရှိခဲ့ရင်လည်း ထပ်ဆင့်ပြီးကောင်းတဲ့နည်းပညာတွေနဲ့ လုပ်ဆောင်နိုင်အောင် စီမံဆောင်ရွက်သွားမယ်လို့ ထည့်သွင်းပြောကြားလိုပါတယ်။

၃။ နောက်တစ်ခုကတော့ ဒေါ်မီမီကျော်တင်ပြတဲ့ ဆီစက်တွေဈေးငွေကိစ္စဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့က ပြည်ပကနေ စားသုံးဆီတွေတင်သွင်းတာတွေ လျှော့ချနိုင်ဖို့ နောက်ပြီး ပြည်တွင်းမှာ စားသုံးဆီဖူလုံအောင် ထုတ်လုပ်နိုင်ဖို့၊ ထို့အတူပဲ အရည်အသွေးကောင်းတဲ့ စားသုံးဆီတွေထုတ်လုပ်နိုင်ဖို့ အဆင့်မီဆီစက်တွေ လိုနေတယ်ဆိုတာ တွေ့တဲ့အတွက်ကြောင့် ဒီဆီစက်တွေကိုအဆင့်မီတဲ့စက်ပစ္စည်းတွေ တိုးချဲ့တပ်ဆင်နိုင်ဖို့ ထို့အတူပဲ ခေတ်မီတဲ့နည်းစနစ်တွေနဲ့ စက်သစ်တွေကိုထပ်မံတည်ဆောက်နိုင်ဖို့၊ လက်ရှိရှိနေတဲ့ဆီစက်တွေကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေလုပ်ငန်းအဖွဲ့ဆိုပြီး ဇူလိုင်လ(၆)ရက်၊ ၂၀၂၂ ခုနှစ် ထဲက ဖွဲ့စည်းပြီးပါတယ်။ ဒါကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး ဒီလုပ်ငန်းအဖွဲ့ကို စီမံဆောင်ရွက်ပါတယ်။ အဲဒီအဖွဲ့ကနေ ချေးငွေတွေကို

လုပ်ပေးနိုင်ဖို့ လေ့လာသုံးသပ်တင်ပြရေးအဖွဲ့ကို ဖွဲ့စည်းပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကွင်းဆင်းလေ့လာပြီး လုပ်ငန်းအဖွဲ့ကို ပြန်တင်ပြတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ထို့အတူပဲ ဆီစက်တွေအတွက် ချေးငွေချေးချင်တဲ့ လုပ်ငန်းရှင်များကိုလည်း နိုင်ငံတော်သတင်းစာကနေပြီး (၂၆.၁၁.၂၀၂၂) ရက်နေ့မှာ တင်ဒါခေါ်ပြီး ချေးငွေအဆိုပြုလွှာတွေခေါ်ပြီး ပေးနိုင်အောင် ဖိတ်ခေါ်ခဲ့ပါတယ်။ ဖိတ်ခေါ်တဲ့ ကာလသက်တမ်းကို တစ်လတိုးပြီးတော့ လုပ်ဆောင်တဲ့အခါမှာ (၂၇.၁.၂၀၂၃)မှာ အဆိုပြုလွှာအားလုံး ပိတ်သိမ်းလက်ခံခဲ့ပြီးဖြစ်ပါတယ်။ လက်ခံခဲ့တဲ့အထဲမှာ ဧရာဝတီတိုင်းဒေသကြီးကတော့ ဆီစက်ပေါင်း (၆၇) စက်မှတင်ပြတောင်းခံထားတာရှိသလို ကျန်တဲ့တိုင်းဒေသကြီး၊ ပြည်နယ် အားလုံး ပြည်ထောင်စုနယ်မြေအပါအဝင်လည်း တင်ပြကြတဲ့အတွက် လုပ်ငန်းအဖွဲ့က ပြန်လည်စိစစ်ပြီး ဘယ်လောက်ပမာဏကို ဘယ်လို အတိုးနှုန်းနဲ့ ချေးမယ်ဆိုတဲ့အစီအမံကို လုပ်ငန်းအဖွဲ့က ဆွေးနွေးသုံးသပ်နေပါတယ်။ ပြီးရင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြပြီးတော့ မူဝါဒခွင့်ပြုချက်အတိုင်း ချေးငွေရရှိရေးကို ဆောင်ရွက်ပေးမယ်ဆိုတာကို ဒေါ်မီမီကျော်အပါအဝင် ဆီစက်နဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်များကို ဆွေးနွေးတင်ပြ လိုပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး

၁။ လေးစားအပ်ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တွေ့ဆုံပွဲကို တက်ရောက်လာကြသူအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုးပါ။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဆိုတာ ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ကြီးတင်ပြသွားတဲ့အထဲမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ အားလုံးပေါင်း (၁၇၁၅)ခုမှတ်ပုံတင်ထားပြီးဖြစ်တယ်လို့ပြောပါတယ်။ အဲဒီအသေးစားစက်မှုလက်မှု မှတ်ပုံတင်ထားပြီးတဲ့ သူတွေရဲ့ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးတွေကို စစ်ဆေးပေးပါမယ်။ အခုသွားရောက်ခဲ့တဲ့ ခရီးစဉ်တွေမှာလည်း MSME တွေ ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေနဲ့ပတ်သက်လို့ တိုင်းရင်းဆေးတွေဆိုရင်လည်း FDA စစ်ဆေးထားရင်ပိုကောင်းတယ်လို့ လမ်းညွှန်ချက်ရှိပါတယ်။ အဲဒီအတွက်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းဓာတ်ခွဲခန်းကနေ စစ်ဆေးပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း တင်ပြချင်ပါတယ်။

ရောဝတီတိုင်းမှာလည်း တိုင်းညွှန်ကြားရေးမှူးရှိပါတယ်။ ဆက်သွယ်ပြီး ထုတ်လုပ်ထားတဲ့ ကုန်ပစ္စည်းတွေကို စစ်ဆေးပေးပါမယ်။

၂။ ဒီနေ့တင်ပြချက်တွေနဲ့ပတ်သက်လို့ ကျွန်တော်နဲ့ပတ်သက်တာလေးကို ဆွေးနွေး ပါမယ်။ ညောင်တုန်းက ဦးလူမော်မြင့်မောင် တင်ပြပါတယ်။ ကျွန်တော်တို့ မျိုးကောင်းမျိုးသန့်တွေ ရဖို့လိုပါတယ်။ အခြောက်ခံစက်တွေလိုပါတယ်။ စသည်ဖြင့် တင်ပြပါတယ်။ မျိုးကောင်းမျိုးသန့်ရဖို့နဲ့ ပတ်သက်လို့ ကျွန်တော်တာဝန်ရှိတဲ့အချိန်မှာ သမဝါယမအသင်းများကို တကယ်စိုက်ပျိုးတဲ့သူ၊ တကယ်မွေးမြူတဲ့သူတွေနဲ့ပဲ သမဝါယမ အသင်းဖွဲ့ပါတယ်။ ဖွဲ့ပြီးတဲ့အခါမှာ Contract Farming လုပ်ပါတယ်ဆိုတဲ့ သူတွေနဲ့ချိတ်ဆက်ပြီးတော့ မျိုးကောင်းမျိုးသန့်ရအောင် ရှာပေးပါမယ်။ သွင်းအားစုရအောင် ဆောင်ရွက်ပေးပါမယ်။ ပြန်လည်ဝယ်ယူတဲ့ ဈေးကွက်ရအောင်ဆောင်ရွက်ပေးပါမယ်။ အဲဒါဆိုရင် အထွက်တိုးလာပါလိမ့်မယ်။ ခုန မိုးစပါးက(၁၅၀)လောက်ထွက်တယ် ပြောပါ တယ်။ ကျွန်တော်နေပြည်တော်မှာ စမ်းကြည့်ပါတယ်။ မိုးစပါး တစ်ဧကကို (၁၄၂)တင်း ထွက်ပါတယ်။ နွေစပါးကို အခုဆက်စမ်းနေပါတယ်။ ပြီးရင် မျိုးကောင်းမျိုးသန့်ရဖို့ ကျွန်တော် ချိတ်ဆက်ပေးပါမယ်။ ဒါကတော့ မျိုးကောင်းမျိုးသန့် ရဖို့ရယ်၊ သွင်းအားစု အတွက်လဲ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကနေပြီး နွေစပါးအတွက် ဆိုရင် နှစ်သိန်း၊ နှစ်သိန်းဆိုတာ ငွေရေးကြေးရေးမဟုတ်ပဲ သွင်းအားစုသွင်းယူ ဆောင်ရွက် ပေးနေတာ ရှိပါတယ်။ တကယ်လည်း အခုအကောင်အထည်ဖော်ပြီး လုပ်နေပါပြီ။ အဲဒီတော့ သွင်းအားစု သွင်းနိုင်ရင်လည်း အထွက်တိုးလာမှာဖြစ်ပါတယ်။

၃။ နောက်တစ်ချက်ကတော့ ဦးကျော်သူရတင်ပြတဲ့ ပီလောပီနံကိစ္စ ကျွန်တော်နဲ့လာပြီး ဆွေးနွေးဘူးတာရှိပါတယ်။ ဒါကြောင့် ပီလောပီနံစိုက်ပျိုးရေးနဲ့ပတ်သက်ရင် ကျွန်တော်တို့ သမဝါယမအသင်းနဲ့ ဆက်သွယ်ပါလို့ ပြောချင်ပါတယ်။ အတတ်နိုင်ဆုံး ဝိုင်းဝန်းဆောင်ရွက် ပေးမယ်လို့ ပြောကြားလိုပါတယ်။

၄။ နောက်တစ်ခုကတော့ မအူပင်ကတင်ပြတဲ့ စားသုံးသူရေးရာလိုမျိုးဖွဲ့ပေးပါလို့ ပြောပါတယ်။ ကျွန်တော်တို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဆိုတာ ရှိပါတယ်။ အဲဒီ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့နယ်အဆင့်အထိရှိပါတယ်။ အဲဒီဌာနကို လုပ်ချင်တဲ့ လုပ်ငန်းနဲ့ပတ်သက်ပြီးပြောပါ။ ချိတ်ဆက်ပြီးလုပ်ပေးပါမယ်။ အခုရောဝတီတိုင်း

ခရီးစဉ်လာတဲ့အချိန်မှာလည်း ဝန်ကြီးချုပ်ကြီးကိုပြောထားပါတယ်။ သွားတဲ့နေရာတိုင်းမှာ ကျွန်တော်နဲ့သက်ဆိုင်တဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးတွေကိုခေါ်သွားပါ။ လိုအပ်တာ မှန်သမျှကို အဲဒီမှာဖြတ်ပါ။ ဖြတ်လို့မရရင် ကျွန်တော့ကိုပြောပါ။ ကျွန်တော်က ဘာပြော ထားလဲဆိုရင် ကျွန်တော်က သမဝါယမမို့လို့၊ ကျွန်တော်က ကျေးလက်မို့လို့၊ ကျွန်တော်က အသေးစားမို့လို့ဆိုတာမျိုး မဟုတ်ပါဘူး။ ဘယ်သူပဲရောက်ရောက် ဘယ်ဦးစီး ဌာနက လူပဲရောက်ရောက် ပြောပါ။ ပြောရင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ စီမံ ဆောင်ရွက်ပေးပါမယ်ဆိုတာကို တင်ပြလိုပါတယ်။

၅။ နောက်တစ်ချက်ကတော့ နေကြာနဲ့ပတ်သက်လို့ မနှစ်ကထဲက နိုင်ငံတော် ဝန်ကြီးချုပ်ကြီးကဆီအထွက်တိုးဖို့ ဆောင်ရွက်တဲ့အခါမှာ ပထမတုန်းက မြန်မာ့စိုက်ပျိုးရေး ဘဏ်မှာပဲ တောင်သူတွေကို ချေးတာဖြစ်ပါတယ်။ တောင်သူတွေက ပုံစံ(၇) မရှိတာနဲ့ သိတ်မချေးဖြစ်ကြဘူး။ အဲဒီငွေကဘီလီယံ(၉၀) လောက်ကျန်နေပါသေးတယ်။ အဲဒါကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တင်ပြပြီးတဲ့အခါမှာ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ကဲ့သို့ မျိုးတွေ၊ သွင်းအားစုတွေကို ပေးပါမယ်။ အဲဒါကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီး ဆက်လုပ်သွားပါလိမ့်မယ်။ အဲလိုဆိုရင် အထွက်တိုးလာ ပါလိမ့်မယ်။ ခုနနိုင်ငံတော်ဝန်ကြီးချုပ်ကြီးကပြောပါတယ်။ နေကြာကိုစိုက်ကြည့်တဲ့အခါ (၁၆)တင်းလောက်ပဲ ထွက်ပါတယ်။ ခုနပြောတဲ့စပ်မျိုး Hybrid ကတော့ (၅၀ ၊ ၆၀)ထွက် တယ်လို့ ပြောပါတယ်။ ဒါပေမဲ့လက်တွေ့စမ်းကြည့်တဲ့အခါ(၃၅ ၊ ၄၀)လောက်ပဲ ထွက်ပါ တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲလောက်ထွက်ရင်လဲ တွက်ချေကိုက်ပါတယ်။ ဘာလို့လဲဆိုတော့ နေကြာကိုစိုက်ကြည့်တဲ့အခါမှာ ရက်(၉၀)လောက်မှာ တစ်ဧကကို (၂)သိန်းလောက် ကျန်ပါတယ်။ ဆီထပ်ကြိတ်လိုက်တဲ့အခါ (၄သိန်းခွဲ)လောက်ကျန်ပါတယ်။ နေပြည်တော်မှာ လုပ်ကြည့်တာပါ။ ဒါကြောင့် လာမဲ့မိုးကြိုနေကြာစိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဆောင်ရွက်မှာ ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက် ပါမယ်။ ကျွန်တော့်ဘက်ကတော့ တကယ်စိုက်ပျိုးတဲ့သူတွေကို သမဝါယမ အသင်းတွေ ဖွဲ့စည်းပြီးတဲ့အခါမှာ ခုနပြောခဲ့တဲ့ နေကြာဆီ အထွက်တိုးအောင်လည်း ဆက်လက် ဆောင်ရွက်သွားမဲ့ အစီအစဉ်ရှိကြောင်း တင်ပြလိုပါတယ်။

၆။ နိဂုံးချုပ်အနေနဲ့ကတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် တာဝန်အရ ကျေးလက်နေပြည်သူလူထု စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဝင်ငွေတိုးအောင်

လုပ်ပေးဖို့ ဖြစ်တဲ့အတွက်ကြောင့် လမ်းညွှန်ချက်အတိုင်းအကောင်အထည်ဖော်နေပါတယ်။ ဒါကြောင့်မို့ တကယ်လုပ်တဲ့သူကိုပဲ သမဝါယမဖွဲ့ပါတယ်။ အရင်လိုမျိုး ငွေချေးတဲ့သမဝါယမ အသင်းတွေ မဖွဲ့ပါဘူး။ တကယ်မွေးတဲ့သူ၊ စိုက်တဲ့သူ၊ စိုက်စရာမရှိတဲ့သူမွေးစရာမရှိတဲ့သူ ဆိုရင်လည်း အစုအဖွဲ့ဖွဲ့ပါတယ်။ ပြီးရင်ကျွန်တော့ဘက်ကတော့ ငွေလာမချေးပါနဲ့။ ငွေလုံးဝ ချေးပေးဖို့မရှိပါဘူး။ တကယ်လယ်သမားတွေလိုတဲ့ မျိုးလိုချင်ရင် မျိုးရှာပေးမယ်။ သွင်းအားစု လိုချင်ရင်သွင်းအားစုရှာပေးမယ်။ ထိုနည်းငှင်းပဲ မွေးမြူရေးနဲ့ပတ်သက်လို့ ဝက်မွေးမယ်၊ နွားမွေးမယ်၊ ကြက်မွေးမယ်ဆိုရင်လည်း မျိုးတွေပေးပါမယ်။ လက်ရှိနေပြည်တော်၊ လယ်ဝေးမြို့နယ် သော်မော်ကုန်းရွာမှာ မွေးမြူရေးနဲ့ပတ်သက်လို့ အကောင်အထည်ဖော် ထားပါတယ်။ တပ်ကုန်းမြို့နယ်မှာလည်း စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ခုနပြောတဲ့(၁၄၂)တင်း ထွက်တယ်ဆိုတာ ကျွန်တော်စမ်းထားပါတယ်။ နွေစပါးလည်း(၁၅၀)ထွက်တယ်ဆိုတာ တကယ်လို့ရရင် ဆက်စမ်းပါမယ်။ အဲဒါတွေနဲ့ပတ်သက်လို့ ခုနပြောတဲ့ Contract Farming လုပ်တယ်ဆိုတဲ့သူများ ကျွန်တော်နဲ့ဆက်သွယ်ဆောင်ရွက်ပါလို့ ပြောကြားရင်း နိဂုံး ချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း

၁။ အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီကနေ့တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လေးစားအပ် ပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရေဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ အရာရှိကြီးများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များ အားလုံးကိုကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဖြစ်ပါ တယ်။

၂။ ယနေ့ ရေဝတီတိုင်းဒေသကြီးမှာ ကျင်းပပြုလုပ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်တော့် အနေနဲ့ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိဆောင်ရွက်နိုင်ရန် ကိစ္စရပ်များကို ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

၃။ MSME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က ဒေသအသီးသီးမှာရှိတဲ့ MSME လုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲများကို နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်များမှာ (၁၃)ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီခရီးစဉ်များအတွင်း လမ်းညွှန်မှာကြားချက် များနဲ့ပတ်သတ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးရဲ့ ထုတ်ပြန်ချက်များ အနက် MSME ဆိုင်ရာ လမ်းညွှန်မှာကြားချက်များ စုစုပေါင်း (၆၇) ချက် ရှိပါ တယ်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများမှာ MSME လုပ်ငန်းရှင် များမှ တင်ပြချက် များအနေဖြင့် နည်းပညာ၊ ငွေကြေး၊ ဈေးကွက်၊ မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားစတဲ့ ကဏ္ဍ(၇)ခုမှာ တင်ပြချက် စုစုပေါင်း (၁၂၅) ချက် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါအချက်များအနက် ကျွန်တော်တို့ အနေနဲ့ စက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့အချက်တွေကို တတ်စွမ်းသမျှ ဆောင်ရွက်ပေးလျက်ရှိပြီး အခြားကဏ္ဍတွေ အတွက် ဖြည့်ဆည်း ပေးနိုင်ဖို့ ကိုလည်း သက်ဆိုင်တဲ့ ဝန်ကြီးဌာန/ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၄။ ရော့ဝတီတိုင်းဒေသကြီးအတွင်းမှာ အထင်ကရနေရာများအနေနဲ့ ငွေဆောင်၊ ချောင်းသာ၊ ငွေသောင်ယံ နဲ့ ဂေါ်ရန်ဂျီ စတဲ့ အပန်းဖြေကမ်းခြေ များ ရှိနေတဲ့အပြင် ရွှေမုဋ္ဌော၊ ဇလွန်ပြည်တော်ပြန်၊ မော်တင်စွန်းဘုရား၊ အကောက်တောင်ဘုရား (ကြံခင်း) စတဲ့တန်ခိုးကြီးဘုရားများလည်းရှိနေပါတယ်။ ဒေသအတွင်းမှာ အောင်မြင်ပြီး အလားအလာ ရှိသော လုပ်ငန်းများကတော့ အဆင့်မြင့်ဆန်နှင့် ပေါင်းဆန်လုပ်ငန်း၊ ဆားလုပ်ငန်းနှင့် ဆက်စပ် ထွက်ကုန် များ၊ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ မွေးမြူရေးနှင့် နို့ထွက် ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ရေထွက်ပစ္စည်း ထုတ်လုပ် ရောင်းဝယ်ရေးနှင့် ဒေသထွက် စားသောက်ကုန်လုပ်ငန်း၊ ကြိမ်၊ဝါး၊ဖေဒါမှ လူသုံးကုန် ပစ္စည်းမျိုးစုံ ထုတ်လုပ်မှုလုပ်ငန်း၊ စပါးခွံလောင်စာတောင့် ထုတ်လုပ်မှုလုပ်ငန်း၊ ခရီးသွား လုပ်ငန်းကို အခြေခံသည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ပါတယ်။ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု )One Region One Product) အစီအစဉ်ဖြင့် ဦးစားပေးဆောင်ရွက်နိုင်မယ့် လုပ်ငန်းများကတော့ အဆင့်မြင့် ဆန်နှင့် ပေါင်းဆန် လုပ်ငန်း၊ ရေထွက်ပစ္စည်းနှင့် ဒေသထွက် စားသောက်ကုန် လုပ်ငန်း၊ ကြိမ်၊ ဝါး၊ ဖေဒါမှ လူသုံးကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်မှုလုပ်ငန်း၊ စပါးခွံ လောင်စာတောင့် ထုတ်လုပ်မှု လုပ်ငန်းများ ဖြစ်ပါတယ်။

၅။ ဧရာဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး / ပြည်နယ် အသီး သီးမှာ ဒေသဆိုင်ရာ MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ အေဂျင်စီများအနေဖြင့် MSME များ မှတ်ပုံတင်ခြင်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပြီး အေဂျင်စီ၏ လုပ်ငန်း ဆောင်ရွက်ချက်များအား လစဉ်လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြရန် လိုအပ်ပြီး လုပ်ငန်းကော်မတီမှ ဗဟိုကော်မတီသို့ စုစည်းသုံးသပ် တင်ပြ အစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို (၂၀၁၈) ခုနှစ်မှာ ရေးဆွဲခဲ့ပြီး အဆိုပါ မဟာဗျူဟာ အရ ဆောင်ရွက်ရမယ့် လုပ်ငန်းနယ်ပယ် (၁၅) ခုကို ဖော်ထုတ် ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် အာဆီယံရဲ့ SME ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် လုပ်ငန်းစဉ်(၈) ချက်ကို အခြေခံပြီး Regional MSMEs Action Plan ကိုလဲ (၂၀၁၈) မှာ ရေးဆွဲအကောင်အထည်ဖော်ပြီးကြောင်း သိရပါတယ်။ အဆိုပါ မဟာ ဗျူဟာ(၂)မျိုးစလုံးဟာ တော်တော်များများ ကိုက်ညီမှုရှိတာကို တွေ့ရပါတယ်။ ဥပမာ အားဖြင့် MSME လုပ်ငန်းတွေရဲ့ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် နည်းပညာတွေ အသုံးပြုနိုင်ရေး၊ ငွေကြေးအရင်းအနှီးနဲ့ ဈေးကွက်ရရှိရေး၊ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရရဲ့ ဥပဒေစည်းမျဉ်းတွေ ခိုင်မာအားကောင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စတဲ့ အချက်တွေကို အထက်ပါ မဟာဗျူဟာ၊ လုပ်ငန်းစဉ် နှစ်မျိုးလုံးမှာ အဓိက ထည့်သွင်း စဉ်းစားထားတာကို တွေ့ရပါတယ်။

၆။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ ဒေသအသီးသီး မှာရှိတဲ့ ပြည်တွင်းထုတ်ကုန်လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်လာနိုင်စေရန် အတွက် ရည်ရွယ်ပြီး **“MSME ပြည်တွင်းထုတ်ကုန်ပစ္စည်းများ အားပေး မြှင့်တင်ရေးပြပွဲ”** ကို ၂၆.၁၁.၂၀၂၂ ရက်နေ့မှ ၂၈.၁၁.၂၀၂၂ ရက်နေ့ အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီပြပွဲမှာ ဧရာဝတီတိုင်းဒေသကြီး အနေနဲ့ ပြခန်းပေါင်း (၆) ခန်း ဝင်ရောက်ပြသခဲ့ပြီး Green Toody ထန်းသကြားလုပ်ငန်းက ပြခန်းက အကောင်းဆုံးပြခန်း (၅) ဆု မှာ (၁) ဆု ပါဝင်ခဲ့တာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် စုစုပေါင်း(၁၇) ကြိမ် ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီး MSME Talk Show များကိုတော့ (၁၁) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

၇။ ဒါ့အပြင် MSME လုပ်ငန်းများရဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒီဂျစ်တယ် ပလက်ဖောင်းကိုအသုံးပြုပြီး မိမိရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက် နိုင်စေဖို့ အတွက် (၂၆.၁၁.၂၀၂၂) ရက်နေ့မှာ E-market Place for Myanmar Products Platform ကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ E-market Platform မှာ MSME လုပ်ငန်းပေါင်း (၁၀၀) ကျော်ရဲ့ ထုတ်ကုန်ပစ္စည်းများ ပြသရောင်းချပေးလျက်ရှိပြီး နောက်ပိုင်းမှာ MSME လုပ်ငန်းအရေအတွက်ကို ထပ်တိုးခွင့်ပြု ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

၈။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ခေတ်စနစ်နှင့်အညီ e-Government စနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ သတင်းအချက်အလက် လွယ်ကူ မြန်ဆန်စွာ ရရှိနိုင်ရန် MSME Webportal (www.msmewebportal.gov.mm)တွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် သတင်းအချက် အလက်များကို လွှင့်တင်ဆောင်ရွက် ပေးလျက် ရှိပါတယ်။

၉။ MSME Webportal မှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ ဖွဲ့စည်းထားရှိ၍ MSME များ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ပေး ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနအလိုက် ပို့ချပေးလျက် ရှိသည့် ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများ၊ SME မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ MSME များ လေ့လာမှတ်သားရန်လိုအပ်သည့် စာအုပ်စာတမ်းများ၊ ဈေးငွေဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်း လေ့လာဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝန်ဆောင်ပေးနေမှုများ၊ အာဆီယံနှင့် ပူးပေါင်း ဆောင်ရွက်နေမှု အခြေအနေများ၊ စာရင်းအင်းအချက်အလက်များကိုပါ လေ့လာနိုင်မှာ ဖြစ်ပါတယ်။

၁၀။ လက်ရှိအနေဖြင့် SME Member Card များကို အဆိုပါ Webportal တွင် လျှောက်ထားနိုင်ပြီး ကျသင့်ဝန်ဆောင်ခကိုလည်း e-Payment စနစ်ဖြင့် လွယ်ကူမြန်ဆန်စွာ ပေးသွင်းနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများအား မှတ်ပုံတင်ခြင်းကို အဆိုပါ Webportal မှ လျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

၁၁။ ယခု ဆက်လက်ပြီး ယနေ့တွေ့ဆုံပွဲမှာ MSME လုပ်ငန်းရှင်များရဲ့ တင်ပြချက်များနဲ့ စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်ပြီး ဆွေးနွေးလိုတာကတော့ ပထမဆုံးတင်ပြတဲ့ Global Earth Agro Group ငါးအစာတောင့် လုပ်ငန်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး မနေ့က ကျွန်တော်လေ့လာကြည့်ရှုခွင့် ရခဲ့ပါတယ်။ Investment တော်တော်ကြီးတဲ့ လုပ်ငန်းဖြစ်ပြီး ကျွန်တော်တို့ MSME လုပ်ငန်းများရဲ့ အထက်မှာရှိနေတာတွေ့ရပါတယ်။ တနည်းအားဖြင့်ပြောရရင် အကြီးစား စီးပွားရေး လုပ်ငန်းထဲမှာ ပါဝင်တာ ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ စက်ရုံနဲ့ပတ်သက်၍ လိုအပ်တဲ့ စက်မှုမှတ်ပုံတင်တဲ့ ကိစ္စရပ်များကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဆွေးနွေးလိုပါတယ်။

၁၂။ နောက်တစ်ချက် ဆွေးနွေးလိုတာကတော့ ဦးကျော်သူရရဲ့ တင်ပြချက်ဖြစ်ပါတယ်။ ပီလောပီနံနဲ့ ပတ်သက်ပြီး Agricultural Entrepreneurship Development Program ဆောင်ရွက်လိုတဲ့ ဆွေးနွေးမှုနဲ့ပတ်သက်ပြီး Entrepreneurship Development နဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို ကျွန်တော်တို့ MSME Website မှာ ဝင်ရောက်ကြည့်ရှု နိုင်မှာဖြစ်ပါတယ်။ Website မှာ Development နဲ့ပတ်သက်ပြီး Program တွေကို SME ဌာနမှ အစဉ်အမြဲ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ နောက်ဆုံး ဆောင်ရွက်ခဲ့တာကတော့ Busines Plan ရေးဆွဲမှုနဲ့ပတ်သက်ပြီး အခြေခံ ဘယ်လိုရေးဆွဲရမယ်ဆိုတာကို သင်တန်းပို့ချ ခဲ့ပြီးဖြစ်ပါတယ်။ အလားတူ အခြား Program တွေကိုလည်း MSME Website မှာ ဝင်ရောက်ကြည့်ရှုပြီး ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ ပူးပေါင်း ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးလိုပါတယ်။

၁၃။ ဆက်လက်ပြီးတင်ပြလိုတာကတော့ MSME များရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ MSME ထုတ်ကုန်များအတွက် ကုန်ကြမ်းများ တင်သွင်းမှု အခွန်လျှော့ပေါ့ပေးခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်သော ကုန်ချောများကို ပြည်ပမှ တင်သွင်းမှုအတွက် အခွန်တိုးမြှင့် ကောက်ခံခြင်း ကိစ္စရပ်များ၊ သွင်းအားစုများ လုံလောက်စွာရရှိရေး အစရှိတဲ့ MSME လုပ်ငန်း များအတွက် အထောက်အပံ့ပေးရမည့် ကိစ္စရပ်များနဲ့ ပတ်သက်ပြီး MSME လုပ်ငန်းကော်မတီရဲ့ ၁/၂၀၂၂ မှာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ အခြားဝန်ကြီးဌာနများနဲ့ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက် အကောင်အထည် ဖော်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

၁၄။ နောက်တစ်ချက်က မအူပင်ခရိုင်စက်မှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဌရဲ့ ဆွေးနွေးချက် ဖြစ်ပါတယ်။ ကျွန်တော်တို့ MSME လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ တာဝန်ယူဆောင်ရွက်ပေးနေတာကတော့ စက်မှုဝန်ကြီးဌာနမှာရှိတဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကနေ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ တိုင်းရုံးရှိပါတယ်။ ပုသိမ်၊ ဖျာပုံ၊ ဟင်္သာတမှာ ခရိုင်ရုံးများရှိပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေတာ ရှိပါကြောင်း ပြောကြားလိုပါတယ်။ မအူပင်မှ MSME လုပ်ငန်းရှင်များအနေဖြင့် အရေးပေါ်ဆောင်ရွက်လိုတာများရှိရင် MSME Website တွင် ဝင်ရောက်ပြီး ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း လေးစားစွာ ပြန်ကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး

၁။ လေးစားအပ်ပါသောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ ဒီနေ့တွေ့ဆုံပွဲကို ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်အားလုံး မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ဖြစ်ပါတယ်။ ခုန မအူပင်မြို့က မြို့ခံတစ်ဦးမေးသွားတဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက် တည်ထောင်ချင်တယ်ဆိုတဲ့ ကိစ္စလေးကို ဆွေးနွေးတင်ပြသွားပါမယ်။

၂။ ဒီကိစ္စမှာ နိုင်ငံတော်ဝန်ကြီးချုပ်ကြီး ရှင်းလင်းပြောကြားသွားတဲ့အတိုင်း တော်တော်ကို ပြည့်စုံလုံလောက်မှုရှိပါတယ်။ အဲဒီတော့ သဘာဝဓာတ်ငွေ့သိုက် အရွယ်အစားက အဓိကကျပါတယ်။ မအူပင်ဒေသမှာရှိတဲ့ သဘာဝဓာတ်ငွေ့သိုက် အရွယ်အစားက အင်မတန်သေးငယ်ပါတယ်။ သို့သော်လည်း နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်ပေးနေရတာဖြစ်ပါတယ်။ ထပ်တိုးတွေ့ရှိမှုတွေကလည်း သဘာဝဓာတ်ငွေ့ဆိုတာက ထုတ်လုပ်မှုကြာလာလို့ရှိရင် လျော့နည်းလာပါတယ်။ ထုတ်လုပ်မှုကျဆင်းလာပါတယ်။ ဒီအတွက်ထပ်ပြီးတော့ ဖြည့်ဆည်းပြီး ထုတ်လုပ်ပေးရတာ ဖြစ်ပါတယ်။

၃။ ဒုတိယအချက်ကတော့ ဓာတ်ငွေ့အမျိုးအစားဖြစ်ပါတယ်။ မအူပင်ဒေသကထွက်တဲ့ ဓာတ်ငွေ့အမျိုးအစားက ဓာတ်မြေသြဇာထုတ်လုပ်ဖို့ အင်မတန်သင့်လျော်တဲ့ ဓာတ်ငွေ့အမျိုးအစားဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်မှာယခုလည်ပတ်နေတဲ့ ဓာတ်မြေသြဇာ

စက်ရုံ (၂)ရုံကို မအူပင်ဒေသကထွက်တဲ့ ဓာတ်ငွေ့ကုဗပေ (၁၀)သန်းစီနဲ့ သန်း(၂၀)ကို အဓိကဖြန့်ဖြူးပေးပြီးတော့ ဓာတ်မြေဩဇာတွေ ထုတ်လုပ်နေပါတယ်။ ဒီဓာတ်မြေဩဇာတွေကိုလည်း တိုင်းနဲ့ပြည်နယ်ဒေသကြီးတွေအလိုက် စိုက်ဧကတွေမှာရှိတဲ့ တောင်သူများလက်အရောက် ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။ အင်မတန်သက်သာတဲ့နှုန်း တစ်အိတ်ကို (၃)သောင်းနှုန်းနဲ့ ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။ အပြင်မှာဆိုရင်အနည်းဆုံး (၁)သိန်းနှုန်းလောက် ပေါက်ပါတယ်။ အဲဒီတော့ စိုက်ဧကအလိုက် ဓာတ်မြေဩဇာ ဖြန့်ဖြူးတဲ့ အခါမှာလည်း ဧရာဝတီတိုင်းက စိုက်ဧကအများဆုံးဖြစ်တဲ့အတွက် ဧရာဝတီတိုင်းက တောင်သူတွေကိုပဲ ဒီဓာတ်မြေဩဇာတွေ ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။

၄။ တတိယအချက်ကတော့ မအူပင်ဒေသက National Grid ကနေပြီးတော့ လျှပ်စစ်ရောက်ရှိပြီး ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကမ်းလွန်ကထွက်တဲ့ သဘာဝဓာတ်ငွေ့ တစ်နေ့ကို ကုဗပေသန်း(၃၀၀)ကျော် လျှပ်စစ်ဝန်ကြီးဌာနကို အလုံးလိုက် ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။ အဲဒီသဘာဝဓာတ်ငွေ့က ထုတ်လုပ်တဲ့ လျှပ်စစ်တွေဟာ မအူပင်ဒေသကို National Gridက ရောက်ရှိပြီးတော့ ဖြန့်ဖြူးပေးလျှက်ရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ နောင်လာမဲ့ကာလတွေမှာလည်း တိုင်းနဲ့ပြည်နယ်ဒေသအသီးသီးမှာ ရေနံရှာဖွေရေးတွေ ဆက်လက်ပြီးဆောင်ရွက်သွားပါမယ်။ ဧရာဝတီတိုင်းမှာ နောင်နှစ်မှာ ဘုရားကုန်းဒေသကိုအခြေအနေပေးရင် Site Smith ဝင်တိုင်းပါမယ်။ တတိယနှစ်မှာ တူးဖော်ရေးလုပ်ပါမယ်။ အဲဒီအချိန်မှာ ကုသိုလ်ကံကောင်းမွန်လို့ သဘာဝဓာတ်ငွေ့များ များစွာ ထွက်လာတယ်။ သဘာဝဓာတ်ငွေ့အမျိုးအစားကလည်း ဖြန့်ဖြူးလို့ရတယ်ဆိုရင် ဆက်လက်ပြီးအသိပေးသွားပါမယ်။ ကျေးဇူးတင်ပါတယ်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး

၁။ ယနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တကွ ပါဝင်တက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ဆွေးနွေးချက်များအပေါ် အခြေခံပြီးတော့ အချို့အချက်များကို ပြန်လည်ဖြေကြားဆွေးနွေးမှာဖြစ်ပြီး အချို့အချက်များကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

၂။ ပထမဦးစွာ တင်ပြဆွေးနွေးတင်ပြပေးရမဲ့ အချက်ကတော့ ဦးစည်သူစိုးတင်ပြသွားတဲ့ ကိစ္စလေးမှာတစ်ခု အကြံပြုတင်ပြလိုတာရှိပါတယ်။ အဲဒါကတော့ ပုသိမ်စက်မှုစီမံကိန်းထဲမှာ Commodity Trade Center လေးတစ်ခု ထူထောင်သွားမယ်ဆိုတာလေး တွေ့ရှိရပါတယ်။ ဆက်လက်နားထောင်ကြည့်တဲ့အခါမှာ ဒီ Trade Centerမှာ Warehouse တွေရှိမယ်။ Warehouse တွေမှာလာပြီး အပ်နှံတဲ့အပ်ကုန်တွေအပေါ်မှာ အပ်ကုန်လက်မှတ် ထုတ်ပေးပြီးတော့ ဘဏ်ကနေငွေချေးပေးတဲ့လုပ်ငန်းကို ဆောင်ရွက်မယ်လို့သိရပါတယ်။ လုပ်မဲ့လုပ်ငန်းက Warehouse Receipt ကိုအခြေခံပြီးလုပ်မဲ့လုပ်ငန်း ဖြစ်ပြီးတော့ နာမည်က Commodity Trade Center ဖြစ်နေတဲ့အတွက်ကြောင့် နာမည်နဲ့လုပ်ငန်း လွဲနေတာ တွေ့ရပါတယ်။ Commodity Trade Center သို့မဟုတ် Commodity Exchange Center ဆိုတာကတော့ ကုန်စည်ဒိုင်ကို အဓိကဆိုလိုခြင်းဖြစ်ပါတယ်။ ကုန်စည်ဒိုင်မှာ ရောင်းသူနဲ့ ဝယ်သူလာရောက် ဆုံကြပြီးတော့ သတ်မှတ်ထားတဲ့ အရောင်းအဝယ်ကိစ္စ ဆောင်ရွက် ကြတာဖြစ်တဲ့အတွက်ကြောင့် ဒီနေရာမှာ Commodity Trade Center အစား Public Warehousing Center စသည်ဖြင့် ဆီလျော်တဲ့အမည်ကို ပြောင်းလဲပြင်ဆင်သင့်ပါကြောင်း ဦးစွာအကြံပြုတင်ပြလိုပါတယ်။

၃။ နောက်တစ်ချက်ကတော့ ဦးလူမော်မြင့်မောင် ဆွေးနွေးသွားတဲ့ထဲမှာ ဆက်လက် ဆောင်ရွက်သွားမဲ့လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး တစ်ခုအသိပေးလိုတာက Warehouse Receipt ကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးသွားတာရှိပါတယ်။ Warehouse Receipt ကတော့ တကယ်တမ်း သူ့ရဲ့မူလရည်ရွယ်ချက်ကတော့ တောင်သူလယ်သမားတွေ ကောက်ပဲသီးနှံ ဈေးနှုန်းတွေ ရသင့်ရထိုက်တဲ့ ဈေးနှုန်းနဲ့ရအောင် နိုင်ငံအသီးသီးမှာကျင့်သုံးခဲ့တာ ဖြစ်ပါ တယ်။ များသောအားဖြင့် သီးနှံပေါ်ချိန်မှာ သီးနှံဈေးတွေ ကျလေ့ရှိတဲ့ အတွက်ကြောင့် လယ်သမားကငွေပြတ်တယ်၊ သီးနှံပေါ်စအချိန်မှာ ရတဲ့ဈေးနဲ့ပဲ ကောက်ပဲသီးနှံကို ထိုးပြီး ရောင်းလိုက်ရတယ်။ လယ်သမားလက်ထဲ သီးနှံကုန်သွားတဲ့ အချိန်မှာ သီးနှံဈေး တွေကတက်လာတယ်။ ဈေးတက်လာတဲ့အချိန်မှာ ရသင့်ရထိုက်တဲ့ ဈေးတွေကို လယ်သမား ကမရတော့ဘဲနဲ့ ကြားမှာရှိတဲ့ ကြားပွဲစားတွေကရတဲ့အတွက်ကြောင့် လယ်သမားတွေ အတွက် ရသင့်ရထိုက်တဲ့သီးနှံဈေးကို ရရှိဖို့အတွက် ဆောင်ရွက်တဲ့ အခါမှာ လယ်သမားက ကောက်ပဲသီးနှံပေါ်လာရင် ကောက်ပဲသီးနှံကို Warehouse မှာ လာအပ်မယ်။ Warehouse ကလည်း အစိုးရအသိအမှတ်ပြုထားတဲ့ Warehouse ဖြစ်မယ်။ အပ်တဲ့အခါမှာ Warehouse

က လယ်သမားဆီက သီးနှံဘယ်လောက် လက်ခံရရှိပါတယ် ဆိုတဲ့ Receiptကို ထုတ်ပေးပါတယ်။ အဲဒီ Receipt ကို လယ်သမားက ဘဏ်ကိုယူသွားပြီး သွားပေးလို့ရှိရင် ဘဏ်ကသင့်တင့်တဲ့ အတိုးနှုန်းနဲ့ ငွေထုတ်ချေးလိုက်ပါတယ်။ ချေးပြီးတော့မှ လယ်သမားက ဈေးကောင်းရတဲ့အချိန် သီးနှံကိုရောင်းမယ်လို့ ဆုံးဖြတ်တဲ့ အချိန်၊ ရောင်းပြီးတဲ့အချိန်မှာ သီးနှံဝယ်တဲ့သူက ဘဏ်ကိုအကြောင်းကြားတဲ့အခါ ခြားနားငွေကို လယ်သမားက ထပ်ရပါတယ်။ လယ်သမားလည်း ဈေးကောင်းရတယ်။ ဘဏ်တွေလည်း အလုပ်ဖြစ်တယ်။ နောက်ပိုင်း Warehouse Receipt ကို ကောက်ပဲသီးနှံ ထုတ်လုပ်တဲ့ Supply Change တစ်ခုလုံးမှာ အသုံးပြုလာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မြန်မာနိုင်ငံ ဆန်စပါးညီလာခံနဲ့ ပတ်သက်ပြီး ဒီဆန်စပါးညီလာခံကလည်း နိုင်ငံတော် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ ဆောင်ရွက်လိုက်တာ ဖြစ်ပါတယ်။ ဆန်စပါးညီလာခံ မှာလည်း ဖေါ်ထုတ်ချက်တွေရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍနဲ့ ပတ်သက်လာရင် (၁၅)ချက်ဖေါ်ထုတ်ထားတာရှိပါတယ်။ ကြိတ်ခွဲမှုကဏ္ဍနဲ့ ပတ်သက်လာရင်(၁၀)ချက် သုံးသပ် ဖေါ်ထုတ်ထားတာရှိပါတယ်။ ပို့ကုန်မြှင့်တင်ရေးနဲ့ ကုန်သွယ်မှုကဏ္ဍနဲ့ ပတ်သက်လာရင် (၁၈)ချက် စုစုပေါင်း(၄၈)ချက် ဖေါ်ထုတ်ထားတဲ့အထဲမှာ Warehouse Receipt ကလည်း ဖေါ်ထုတ်ချက်ထဲမှာ ပါရှိတဲ့အတွက်ကြောင့် စတင်အကောင်အထည်ဖော် နေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Warehouse Receipt ကို မည်သို့မည်ပုံ ဆက်လက် အကောင်အထည်ဖော် သွားသင့်တယ် ဆိုတာကို မတ်လထဲမှာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကျင်းပဖို့ရှိပါတယ်။ အဲဒီမှာအစိုးရဌာန အသီးသီး၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ဗဟိုဘဏ်အပါအဝင် ပုဂ္ဂလိကကဏ္ဍများလည်း ပါဝင်ပြီး ဆီလျော်တဲ့ Warehouse ပုံစံ၊ ဘယ်မော်ဒယ်ဖြစ်သင့်တယ်ဆိုတာကို ဝိုင်းဝန်းဖော် ထုတ်ပြီး နိုင်ငံတော်ကိုတင်ပြ အတည်ပြုချက် ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြီးတော့ Warehouse Receipt က Regulation ဆွဲပေးဖို့လိုပါတယ်။ Regulation ဆွဲတဲ့အထိပါ ဆောင်ရွက်သွားမှာဖြစ်တဲ့ အတွက်ကြောင့် ဦးလူမော်မြင့်မောင် ဆွေးနွေးတဲ့ Warehouse Receipt ကိစ္စကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

၄။ နောက်တစ်ခုက ဦးစိုးဝင်းဆွေးနွေးသွားတာရှိပါတယ်။ ဦးဝင်းမြင့်လှိုင် ဆွေးနွေး သွားတဲ့ထဲမှာ အဓိကကတော့ မြန်မာနိုင်ငံ ဆန်စပါးညီလာခံဖေါ်ထုတ်ချက်များနဲ့ ပတ်သက်ပြီး Follow Up ဆက်လုပ်မဲ့ ကိစ္စလေးတွေကို ကျွန်တော်ဆွေးနွေးသွားတာ ဖြစ်ပါတယ်။ ဆန်စက်မှတ်ပုံတင်ကိစ္စ ၊ လက်လီလက်ကားရောင်းချသူများ မှတ်ပုံတင်ကိစ္စ၊

နောက် ISO ကိစ္စ၊ HACCP ရရှိရေးကိစ္စ၊ GMP ကိစ္စ၊ နိုင်ငံတော်အရန်ဆန် ရရှိရေးကိစ္စ၊ ဆန်စက်များပြန်လည် ဖွံ့ဖြိုးရေးကိစ္စ၊ ဒီဖေါ်ထုတ်ချက်တွေအားလုံးကို ဝန်ကြီးဌာန အသီးသီးနဲ့ စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့လထဲမှာ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က အဖွဲ့အချို့အဖွဲ့ဝင် ခေါ်ယူပြီးတော့ဆက်လက် ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာန(၉)ခုနဲ့ ပေါင်းစပ်ပြီးတော့ ဖေါ်ထုတ်ချက်များကို တစ်ခုပြီးတစ်ခု ဆက်လက် အကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်းအားလုံးသိသာအောင် တင်ပြအပ်ပါတယ်။

၅။ နောက်ပြီး မြန်မာနိုင်ငံမှာဆန်စပါး စံချိန်စံညွှန်း သတ်မှတ်ဖို့နဲ့ ဆန်စပါးအရည်အသွေး ထိန်းသိမ်းဖို့အတွက်ကိုလည်း ကျွန်တော့် ဝန်ကြီးဌာနမှာရှိတဲ့ MITS (Myanmar Inspection and Testing Service)ကို တာဝန်ခံအဖွဲ့အစည်းအဖြစ် သတ်မှတ်ဖို့လည်း နိုင်ငံတော် ဝန်ကြီးချုပ်ဆီက ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဒါကြောင့် MITS ကလည်း မကြာခင်မှာ မြန်မာနိုင်ငံ ဆန်စပါးအရည်အသွေး ထိန်းသိမ်းမှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆန်စပါးထုတ်လုပ်ပြီးနောက်ပိုင်း Post Harvest Rice Industry Development အတွက်ကို စီးပွားကူးသန်း ဝန်ကြီးဌာနကို Focal ဝန်ကြီးဌာန အဖြစ် သတ်မှတ်ဖို့လည်း နိုင်ငံတော်ဝန်ကြီးချုပ်က သဘောတူပြီး ဖြစ်တဲ့အတွက်ကြောင့် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဆန်စပါးညီလာခံ ဖေါ်ထုတ်ချက်ထဲမှာပါတဲ့ ဆန်စပါး ဥပဒေရေးဆွဲရေးအတွက်လည်း ဆောင်ရွက်တာ ပထမအကြိမ်မူကြမ်း ပြီးသွားပါပြီ။ ပြီးသွားရင် ဝန်ကြီးဌာနများနှင့်လည်း စတင်ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ပြီးရင် ဆန်စပါး နယ်ပယ်က ပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းပြီး ဥပဒေပေါ်ထွက်တဲ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဦးစိုးဝင်းနဲ့ ဦးဝင်းမြင့်လှိုင်တို့ရဲ့ ဆန်စပါးညီလာခံဆုံးဖြတ်ချက်များနဲ့ ပတ်သက်တဲ့ အပေါ်မှာပြန်လည် ဖြေကြားတင်ပြလိုပါတယ်။

၆။ နောက်တစ်ချက်ကတော့ ဒေါ်မီမီကျော်ဆွေးနွေးသွားတဲ့ထဲမှာ ဆီစက်များနဲ့ပတ်သက် ပြီးတော့ ပြည်ပကနေစားအုန်းဆီတွေ အသွင်းများတဲ့အတွက်ကြောင့် ဆီစက်များမှာ ထိခိုက်မှုရှိခဲ့တယ်ဆိုတာ ဆွေးနွေးသွားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သိသာအောင်တင်ပြ ရမယ်ဆိုရင် စားသုံးဆီနဲ့ပတ်သက်ပြီးတော့ လျှော့ချပြီးတင်သွင်းလျက်ရှိပါတယ်။ မနှစ်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ဧပြီလ(၁)ရက်ကစပြီး ဇန်နဝါရီ (၃၁)ရက်နေ့အထိ တန်ချိန်(၆၂၄၈၁၃)တန် တင်သွင်းခဲ့ပါတယ်။ ဒီနှစ်မှာ မနှစ်ကထက် တန်ချိန်(၂၀၃၆၁၄)တန် လျှော့ပြီးတင်သွင်းထားပါတယ်။ ဆီကို ထိန်းချုပ်ပြီး လျှော့ပြီးတင်သွင်းထားတဲ့ အတွက်

ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အရင်ပိတ်ထားတဲ့ ဆီစက်တွေ ပြန်လည်လည်ပတ်လာပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လထဲမှာ မန္တလေးတိုင်းဒေသကြီးက ကုန်စည်ဒိုင်မှာ သွားတဲ့အခါမှာလည်း အားလုံးကဒါကိုကြိုဆိုကြပါတယ်။ သူတို့ပြောတာက မန္တလေးကပိတ်ထားတဲ့ဆီစက် ၁၀၀ ရာခိုင်နှုန်း ပြန်လည်ပါပြီလို့ သတင်းပို့ကြပါတယ်။ အလားတူပဲ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဧရာဝတီဦးခင်စိုးကလည်း ဆီစက်တွေအားလုံးပြန်လည်ပြီဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရကို ဒီမူဝါဒကို ဆက်လက်ကျင့်သုံးပေးဖို့ ထောက်ခံတင်ပြထားတာလည်းရှိပါတယ်။ သိသာအောင်တင်ပြခြင်းဖြစ်ပါတယ်။

၇။ နောက်တစ်ချက်ကတော့ ဝန်ကြီးဌာနအနေနဲ့ လတ်တလောဆောင်ရွက်ထားတဲ့ အထူးသဖြင့်တော့ ဧရာဝတီတိုင်းကသီးနှံတွေ အများဆုံးပို့တဲ့ တိုင်းဒေသကြီးလည်းဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးကလည်း တော်တော်များများပို့နေတဲ့ တိုင်းဒေသကြီးလည်း ဖြစ်တဲ့အတွက်ကြောင့် အားလုံးကိုသိသာအောင် တစ်ခုအသိပေးလိုပါတယ်။ အရင်တုန်းက နယ်စပ်ကုန်သွယ်ရေးကို ယာဉ်တွေနဲ့ ကားတွေနဲ့တင်ပို့တဲ့အခါမှာ တရားမဝင်တင်ပို့မှုတွေ အများကြီးတွေ့ခဲ့ရပါတယ်။ အခုဆိုရင် ပြောင်းရာသီပေါ့။ ယိုးဒယားဖက်မှာဆိုရင် ဖေဖော်ဝါရီလ(၁)ရက်နေ့ ကစပြီး ဩဂုတ်လ(၃၁)ရက်နေ့အထိ ပြောင်းကိုအခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းခွင့် ပြုထားပါတယ်။ တော်တော်များများ ကောက်ပဲသီးနှံတွေသွားတဲ့အခါမှာ တချို့ကမှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန်ပို့တဲ့ လုပ်ငန်းရှင်တွေရှိသလိုတချို့ကတရားမဝင်နည်းလမ်းကနေ ပြည်ပကိုတင်ပို့တဲ့ လုပ်ငန်းရှင်တွေလည်း အများကြီးတွေ့ရပါတယ်။ တဖက်နိုင်ငံရဲ့ ပို့ကုန်သွင်းကုန်စာရင်းကို တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါမှာ မြန်မာနိုင်ငံက ကောက်ပဲသီးနှံပို့ကုန်တရားမဝင် တင်ပို့ထားတာတွေ စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့် မနှစ်ကဧပြီလကစပြီး မျှောစနစ်ကို ကျင့်သုံးခဲ့တာရှိပါတယ်။ ကောက်ပဲသီးနှံတွေကို ယိုးဒယားနယ်စပ်၊ တရုတ်နယ်စပ်က အထူးသဖြင့် မြဝတီဖက်သွားမဲ့ ကောက်ပဲသီးနှံတွေကို မျှောလျှောက်ရတယ်။ မျှောရပြီဆိုမှ မျှောနဲ့ကားနဲ့သွားပြီးတော့ စစ်ပြီးတော့မှ တင်ပို့ခွင့်ပြုတဲ့ ကိစ္စတွေကိုလုပ်ခဲ့ပါတယ်။ အဲဒီမှာလည်း လုပ်ငန်းရှင်တွေက မျှောစောင့်ရတာကြာတယ်၊ အဆင်မပြေမှုတွေရှိတဲ့အတွက် အခု အွန်လိုင်းနဲ့ မျှောပေးတဲ့ စနစ်ကို အခုစပြီးတော့ ဆောင်ရွက်ပါပြီ။ ဖေဖေါ်ဝါရီလ(၁)ရက်နေ့ကစပြီး အွန်လိုင်းနဲ့ မျှောကို ထုတ်ပေးတဲ့စနစ်ဖြစ်ပါတယ်။ အွန်လိုင်းမှာတက်ပြီး မျှောလျှောက်လိုက်တာနဲ့ QR Code ပေးပါတယ်။ QR Code ကို Print ထုတ်သွားလည်းရပါတယ်။ Mobile Phone ထဲမှာ

ထည့်သွားလည်း ရပါတယ်။ ယိုးဒယားနယ်စပ်ကိုသွားမယ်ဆိုရင် ညောင်ခါးရှည်မှာ QR Code ကို စစ်ဆေးတဲ့ဝန်ထမ်းတွေကို တစ်ခါပြဖို့လိုပါတယ်။ ပြီးရင် သံလွင်တံတားထိပ်မှာ တစ်ခါ ပြဖို့လိုပါတယ်။ ကော့ကရိတ်တံတားမှာ တစ်ခါပြဖို့လိုပါတယ်။ နောက်ဆုံးမြဝတီ ကုန်သွယ် ရေးဇုန်မှာ တစ်ခါပြဖို့လိုပါတယ်။ ဘယ်အချိန်ဖြစ်ဖြစ်လျှောက်လို့ရပါတယ်။ ရုံးလည်းသွား စရာမလို အွန်လိုင်းကပဲ လိုင်စင်နဲ့ တခါထဲချိတ်ပြီး လုပ်ထားတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ Myanmar Tradenet 2.0 မှာ အားလုံး QR Code ကို လျှောက်ထားလို့ ရပါတယ်။ ကိုယ့်အိမ်မှာ ဘယ်အချိန်ထလျှောက်လျှောက် လျှောက်လို့ရပါတယ်။ စစ်ဆေးတဲ့ ဝန်ထမ်းတွေက QR Reader နဲ့ဖတ်ပြီးရင် Pass ပေးမှာဖြစ်ပါတယ်။ နှောင့်နှေးမှုမရှိ လွယ်လွယ်ကူကူနဲ့ စစ်ဆေးရာမှာလည်း အချိန်ပေးစရာမလိုပဲ QR နဲ့သွားတဲ့အတွက်ကြောင့် ဒါလေးကျွန်တော့အနေနဲ့ အသိပေးလိုပါတယ်။ (၁၀)ရက်နေ့အထိ စမ်းသပ်ကာလဖြစ်ပြီး (၁၁)ရက်နေ့ကစပြီး Fully Enforced ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဲဒီနေ့မှာ QR Code မပါတဲ့ကားတွေဆိုရင် ရှေ့ဆက်သွားခွင့် မပြုပါဘူး။ သက်ဆိုင်ရာနေရာတွေမှာ ခနရပ်ပြီး QR Code ပြန်လျှောက်ရပါမယ်။ QR Code လျှောက်လို့ရအောင်လည်း ရပ်တဲ့နေရာမှာ လိုအပ်တဲ့ Facilities အားလုံး ပေးထားမှာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မေ့လို့ပဲဖြစ်ဖြစ် မလျှောက်တတ်လို့ဖြစ်ဖြစ် QR Code မပါပဲ ရောက်လာလို့ရှိရင် မြဝတီဆို ညောင်ခါးရှည်မှာ စစစ်ပါမယ်။ လမ်းကြောင်းတစ်လျှောက် (၄)နေရာမှာ QR Code စစ်သွားပါမယ်။ မူဆယ် ဖက်ကိုပို့မဲ့ ယာဉ်တွေဆိုရင် မန္တလေး (၁၆)မိုင်မှာ စစစ်ပါမယ်။ လားရှိုးမှာစစ်ပါမယ်။ မူဆယ်မှာနဲ့ ရေပူမှာ စုစုပေါင်း(၄)နေရာမှာ စစ်ဆေးသွားဖို့ ရှိပါကြောင်း အသိပေးတင်ပြ လိုပါတယ်။

၈။ အကယ်၍ မရှင်းလင်းတာရှိရင် ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစိုးအောင်ဆီကို အချိန်မရွေး ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်းနဲ့ လိုအပ်တာများကို ကူညီပေးမှာဖြစ်ပါကြောင်း အသိပေးတင်ပြလိုပါတယ်။ ပို့ကုန်နဲ့ပတ်သက် လာရင် အားလုံးကို မြန်မြန်နဲ့ လွယ်လွယ်ကူကူ ပို့လို့ရအောင် စီစဉ်ဆောင်ရွက်ပေးလျှက် ရှိတဲ့အတွက်ကြောင့် ပို့ကုန်တင်ပို့သူများက မရိုးသား မမှန်ကန်တဲ့နည်းလမ်းများနဲ့ တင်ပို့တာတွေ မလုပ်ကြဖို့နဲ့ တင်ပို့တဲ့သူရှိရင်လည်း ဝိုင်းဝန်းထိန်းသိမ်းပေးကြဖို့ တိုက်တွန်း ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်ဆက်တွဲ(ဃ)

## တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်းဓာတ်ပုံများ


















# လှည့်လည်အားပေးကြည့်ရှုခြင်းမှတ်တမ်းဓာတ်ပုံများ










ပုသိမ်ခရိုင်


(MSMEs)




EUNICE


ဖျာပုံခရိုင်၊


ဖျာပုံခရိုင်





## ထုတ်ကုန်များခင်းကျင်းပြသထားမှု မှတ်တမ်းဓာတ်ပုံများ

### ပုသိမ်ခရိုင်မှခင်းကျင်းပြသထားမှုများ




ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ပုသိမ်ဟာလဝါ၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ သရက်တောထိုးမုန့်၊ ပုသိမ်ထီး၊ ပဲငံပြာရည် ထုတ်ကုန်များ၊ မြေပဲဆီ၊ နှမ်းဆီ၊ တိရစ္ဆာန်အစာ

### ကျုံပျော်ခရိုင်မှခင်းကျင်းပြသထားမှုများ




ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ဆန်၊ မြေပဲဆီ၊ ပီလောပီနံ၊ သာကူစေ့၊ မှျင်ငါးပိ၊ ငံပြာရည်၊ ရေချိုငါးပိ၊ ဘဲဥ၊ ကြက်ဥ၊ ငှက်ပျောကြော်၊ ကရေကရာ၊ ကြက်အူချောင်း၊

ဝက်အူချောင်း၊ ထန်းလျက်၊ ငါးရံ့ခြောက်၊ ဂျင်းသုတ်၊သင်၊ ကြိမ်၊ ဝါး၊ ဇေဒါလက်မှုပစ္စည်းများ

**မြောင်းမြခရိုင်မှခင်းကျင်းပြသထားမှုများ**





ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ငါးရံ့ခြောက်၊ ငါးကျည်းခြောက်၊ ကပ်စေးနှဲ၊ ပေါင်းဆန်၊ ကြာဆံမရွေး၊ ဆန်ကြာဇံ၊ မုန့်မျိုးစုံ၊ ပဲမုန့်၊ မုန့်ဟင်းခါးဟင်းရည်ခြောက်၊ ငါးဖယ်မုန့်၊

**လပွတ္တာခရိုင်မှခင်းကျင်းပြသထားမှုများ**





ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ငါးပိ၊ ငါးရံ့ခြောက်၊ ငါးဒန်ခြောက်၊ ပုဇွန်ခြောက်၊ မုန့်ဟင်းခါးဟင်းရည်ခြောက်၊ ဆန်၊ ဆား၊ ငါးမုန့်၊ ပုဇွန်မုန့်၊ လောင်စာတောင့်

**ဟင်္သာတခရိုင်မှခင်းကျင်းပြသထားမှုများ**





ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ပဲကြီးလှော်၊ ဂျင်းသုတ်၊ မြေပဲဆီ၊ ဆန်၊ ကြာဇံမရွေး၊ ငံပြာရည်ကြော်၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ မုန့်ဟင်းခါးအနှစ်ထုပ်၊ လောင်စာတောင့်၊ ရော်ဘာမှိုင်းခံပြား

**မြန်အောင်ခရိုင်မှခင်းကျင်းပြသထားမှုများ**





ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ပဲဆီ၊ ဆန်၊ ပဲရွလှော်၊ အုန်းသကြား၊ အုန်းသကာရည်၊ ဂျုံခေါက်ဆွဲ၊ ထမင်းသုတ်၊

မြေပဲကြော်၊ မြေပဲယို၊ နှမ်းယို၊ သံပုယိုပေါင်း၊ ကရေကရာ၊ ငှက်ပျောကြော်၊ အမွှေးတိုင်၊ ဝါးလက်မှုပစ္စည်း

**မအူပင်ခရိုင်မှခင်းကျင်းပြသထားမှုများ**






ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - သင်ဖျာ၊ ဓနိတော်ဖီ၊ ဂျင်းသံပုရာ၊ ငှက်ပျောကြော်၊ ငရုတ်သီးအစို/အခြောက်၊ ဇီဝ/သဘာဝ/ရွက်ဖျန်း မြေဩဇာ၊ လောင်စာတောင့်၊ ပဲမုန့်၊ နှမ်းလုံးနှင့် မုန့်မျိုးစုံ၊ နေကြာဆီ၊ ဆန်

**ဖျာပုံခရိုင်မှခင်းကျင်းပြသထားမှုများ**





ပြသထားသည့်ထုတ်ကုန်ပစ္စည်းများ - ပုဇွန်ခြောက်၊ ငါးရံ့ခြောက်၊ မျှင်ငါးပိ၊ အသင့်စား ငါးနှပ်ခြောက်၊ ပေါင်းဆန်၊ ဧရာဝတီပေါ်ဆန်း၊ ခနိဖူးခြောက်၊ ခနိဖူးဆပ်ပြာ၊ ဖယောင်းတိုင်၊ လောင်စာတောင့်၊ အုန်းဆံကြိုး

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ**

**ပြသထားမှုများ**



**ဆားလုပ်ငန်းဦးစီးဌာနမှ**

**ပြသထားမှုများ**



**စိုက်ပျိုးရေးဦးစီးဌာနမှ**

**ခင်းကျင်းပြသထားမှုများ**

**သစ်တောဦးစီးဌာမှ**

**ခင်းကျင်းပြသထားမှုများ**



**Global Earth Co.,Ltd မှ**

**ခင်းကျင်းပြသထားမှုများ**



**Delta Queen Co.,Ltd မှ**

**ခင်းကျင်းပြသထားမှုများ**



**အုန်းသားဆီနှင့်အုန်းသီးထုတ်ကုန်လုပ်ငန်းမှ**

**ခင်းကျင်းပြသထားမှုများ**



**Mi Mi Car Co.,Ltd မှ**

**ခင်းကျင်းပြသထားမှုများ**



